# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၁၄) ရက် ၊ ကြာသပတေးနေ့ ၊ (1-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Melt Shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်းလုပ်ငန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




# ရတနာပုံ

၂၀၁၃ ခုနှစ် ဇွန် ၁ ရက်

အယ်ဒီတာ့အာဘော်

## စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုံစံအမျိုးမျိုး၊ နည်းအဖုံဖုံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော တောင်သူများကို စိုက်ပျိုးရေးနည်းစနစ်များ၊ အခြားလိုအပ်သော နည်းစနစ်များဖြည့်ဆည်းပေးခြင်း၊ လိုအပ်သောသွင်းအားစုများ ဖြည့်ဆည်းပေးခြင်းတို့အပြင် ထွက်ရှိလာသော သီးနှံများကို ပြန်လည်ရောင်းချရာတွင် အကျိုးအမြတ်ရရှိစေရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန် လိုအပ်သည်။ ထို့ကြောင့် သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေဩဇာရရှိရန်၊ ရေလုံလောက်စွာ ရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန် လိုအပ်ပေသည်။

နိုင်ငံတော်က တောင်သူများကို စိုက်ပျိုးရေးကဏ္ဍတွင် အဆင်ပြေချောမွေ့စေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ မြေဩဇာနှင့် မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ အခြားလိုအပ်သော သွင်းအားစုများကိုလည်း ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် တောင်သူများအနေဖြင့် ရရှိလာသော စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရေးကဏ္ဍတွင် မသုံးဘဲ အခြားနေရာများတွင် သုံးစွဲခြင်းမျိုးမပြုလုပ်မိကြရန် လိုပေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေဧက ၃၃ သန်းခန့်ရှိသည်။ သီးထပ်စိုက်ဧက ၁၁ ဒသမ ၇ သန်း၊ သီးညှပ်စိုက်ဧက ၃၄ သန်းကျော်ရှိသဖြင့် စုစုပေါင်း ၄၈ သန်းကျော်ရှိသည်။ အဆိုပါစိုက်ပျိုးမြေများပေါ်တွင် စိုက်ပျိုးသီးနှံများ သီးထပ်၊ သီးညှပ်စိုက်ပျိုးမှုများကို အစဉ်အမြဲစိုက်ပျိုးသွားမည်ဆိုပါက စိုက်ပျိုးသီးနှံများ အထွက်တိုးပြီး တောင်သူများ၏ လူမှုဘဝတိုးတက်လာမည်ဖြစ်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက်အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူများ၏ လူမှုဘဝတိုးတက်စေရုံသာမက နိုင်ငံတော်အတွက်လည်း များစွာအကျိုးရှိစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးထုတ်ကုန်များ ပြည်တွင်းဖူလုံစေရေးနှင့် ပြည်ပဈေးကွက်ဝင်ဖြစ်လာစေရေးအတွက် နိုင်ငံတော်က စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးပေးနေသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများကလည်း စိုက်ပျိုးရေးကဏ္ဍအသီးသီးတွင် ထုတ်ကုန်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ်ပို့နိုင်ရန် ပိုမိုကြိုးပမ်းဆောင်ရွက်မှသာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ပြည်ပနိုင်ငံများက ဝယ်ယူမှုများပြားသောကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံဈေးကောင်းရရှိနေ



**မန္တလေး မေ ၃၁**

ယခုနှစ်တွင် ပြည်ပနိုင်ငံများက ပဲစင်းငုံများကို ဝယ်ယူမှုများနေခြင်းကြောင့် မန္တလေး ဈေးကွက်အတွင်း၌ ပဲစင်းငုံ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး ဈေးကွက်အတွင်းသို့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ထွက်ရှိသည့် ပဲစင်းငုံများ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ယခုနှစ် ပဲစင်းငုံများမှာ ရာသီဥတု ကောင်းမွန်မှုကြောင့် အထွက်နှုန်းကောင်းပြီး အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်လျက်ရှိကြောင်း၊ ယခင်နှစ်က ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ သာရှိခဲ့ပြီး ယခုနှစ်တွင် ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ဈေးဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိက အိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်ပြီး အရသာမှာလဲ တစ်မူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံတွေကို ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ် တင်ပို့ရပါတယ်။ ဈေးကွက်ကလဲ အခိုင်အမာရရှိပြီးသားပါ။ အခုနှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲစင်းငုံဝယ်ယူမှုများနေတာကြောင့် ဈေးကောင်းရရှိလာတာဖြစ်ပါတယ်။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလဲ နှစ်စဉ် ပုံမှန်ဝယ်ယူနေကြပါတယ်။ အဓိကဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်တယ်။ ပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံတွေမန္တလေးဈေးကွက်ထဲမှာ အရောင်း အဝယ်ကောင်းနေပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံကျားဟူ၍ အမျိုးအစားသုံးမျိုးရှိကြောင်း၊ ပဲစင်းငုံကို မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ဦးစိုးဝင်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေးဈေးကွက်အတွင်း နယ်စုံဒေသမှထွက်ရှိသော ငရုတ်သီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ ပေါက်ဈေးရှိ

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း နယ်စုံဒေသမှ ထွက်ရှိလာသည့် ငရုတ်သီးအစိုများ မန္တလေးဈေးကွက်အတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ ပေါက်ဈေးရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ ရမည်းသင်းစသည့် နယ်စုံဒေသများမှ ထွက်ရှိလာသည့်ငရုတ်သီးများကို မန္တလေးဈေးကွက်အတွင်းသို့ရောင်းချနေရာ ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ ပေါက်ဈေးရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုအချိန်ကတော့ နယ်စုံဒေသက ငရုတ်သီးတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ငရုတ်သီးတွေကို တောင်သူတွေက မန္တလေးဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ငရုတ်သီးအစို တစ်ပိဿာကို ငွေကျပ် ၃၄၀၀ ရရှိနေပါတယ်။ ငရုတ်အခြောက်ကော အစိုပါ ရောင်းချနေပါတယ်။ ရာသီဥတုကြောင့် ငရုတ်စိုက်ခင်းတွေ အနည်းငယ်ပျက်စီးမှုရှိပါတယ်။ မြဝတီဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာ ငရုတ်ဈေးကတော့ ကောင်းပါတယ်။ တောင်သူတွေအတွက်ကတော့ အဆင်ပြေတယ်လို့ ပြောလို့ရပါတယ်" ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ယခုအချိန်တွင် ငရုတ်အစိုများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချပေးနေကြောင်း၊ ငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း ဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း ဒေါ်ဥမ္မာကျော်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

## တောင်သမန်တံတားနှင့်အင်းသို့ မေလနောက်ဆုံးပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားလာရောက်လည်ပတ်မှု များပြား

**မန္တလေး မေ ၃၁**

တောင်သမန်တံတားနှင့် အင်းသို့ မေလနောက်ဆုံးပတ်မှစ၍ ပြည်တွင်း၊ပြည်ပ ခရီးသွားလာရောက်လည်ပတ်မှု ပြန်လည်များပြားလာကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှအတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့် အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အဆိုပါတောင်သမန်တံတားနှင့် အင်းသို့ မေလ နောက်ဆုံးပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားများဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ အင်းကို ပြည်တွင်းက ခရီးသွားတွေအပြင် နိုင်ငံခြားသားခရီးသွားတွေလဲ လာရောက်လည်ပတ်မှု များပြားနေပါတယ်။ အခုတစ်လော တောင်သမန်တံတားနဲ့အင်းအတွင်း ငှက်လှေစီးရင်း လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေက ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ရုရှားနိုင်ငံက ခရီးသည်တွေဝင်ရောက်လည်ပတ်မှု များလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ မေလ ပထမပတ်က ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၁၃၀ ကျော်သာ ရှိခဲ့သော်လည်း မေလ နောက်ဆုံးပတ်စ၍ တောင်သမန်တံတားနှင့် အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိ လာရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်အင်း၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ အင်းအတွင်း နေဝင်ဆည်းဆာအလှကို ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် လိန်ပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိန်ပင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၃၀ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် မြို့နယ်တာဝန်ရှိသူများက လိန်ပင်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လိန်ပင်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၁၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် လိန်ပင်ကျေးရွာရှိ အိမ်ခြေ ၃၇၂ အိမ်၊ လူ ၁၉၆၉ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ၏ သောက်သုံးရေအခက်အခဲများ အဆင်ပြေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးက ပြောပြ၍ သိရသည်။

**သုသု**

# မိတ္ထီလာမြို့နယ် ရိုးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ မေ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရိုးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို မေ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိမိအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကိုပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မိမိအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၂၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရိုးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၄ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုမြင့်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ပုစွန်အစုံပိဿာချိန် ၄၀၀၀ တင်ပို့ရောင်းချနေရ



**လပွတ္တာ မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ရေထွက်ကုန်ပုစွန်အစုံပိဿာချိန် ၄၀၀၀ တင်ပို့ရောင်းချနေရကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သူဇာလွင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်မွေးမြူရေးပုစွန်များနှင့် ပင်လယ်ပြင်မှရရှိသည့် ပုစွန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်၍ ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လနှင့် ဧပြီလအတွင်းက တစ်ရက်လျှင် ပုစွန်အစုံပိဿာချိန် ၁၅၀၀ သာ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ယခုနှစ် မေ ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ပုစွန်အစုံပိဿာချိန် ၄၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်မြို့ကို အခုလအတွင်း ပုစွန်အစုံပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခြားဒေသတွေကနေ ရန်ကုန်မြို့ကို ရေထွက်ကုန်တွေ အဝင်နည်းနေတာကြောင့် တင်ပို့ရောင်းချရမှုများလာတာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းကဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ဒေါ်သူဇာလွင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့တင်ပို့ရောင်းချနေသည့် ပုစွန်အမျိုးအစားများ၏ တစ်ပိဿာဈေးနှုန်းသည် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ မှ ၁၃၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၁၃၀၀၀၊ ပုစွန်တုပ်ကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀မှ ၃၁၅၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ကျေးရွာနှစ်ရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းလှ မေ ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာနှစ်ရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ရှမ်းစုကျေးရွာနှင့် မုက္ခာကျေးရွာတို့၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ရှမ်းစုကျေးရွာ၌ လမ်းအရှည် ပေ ၃၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၉ သိန်းဖြင့်လည်းကောင်း၊ မုက္ခာကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၆၅ သိန်းဖြင့်လည်းကောင်း ယခုနှစ် ဧပြီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# မင်းတုန်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေး

**မင်းတုန်း မေ ၃၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာကိုင်းကျေးရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သစ်ဆိမ့်ပင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများ၊ ခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးညိုဝင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၂ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းရွာကိုင်းကျေးရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ဦးကို ငွေကျပ် ၄၆ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# ရာဇဝင်ချုပ်သံပေါက်

## ဗိုလ်ရှိတ်(ရတနာပူရ)

ဦးအေးသည် ကုန်းဘောင်ခေတ်လယ်ကာလတွင် ထင်ရှားသော စာဆိုတော်တစ်ဦးဖြစ်သည်။ ဦးအေး၏ ဖခင်မှာ မြန်မာစာပေသမိုင်းတွင် အလွန်ထင်ပေါ်ကျော်ကြားသော စာဆိုတော်ကြီး လက်ဝဲသုန္ဒရဖြစ်သည်။ လက်ဝဲသုန္ဒရအမတ်ကြီးနှင့် ဇနီးဒေါ်ရွှေတို့မှ သားနှစ်ဦးနှင့် သမီးတစ်ဦး မွေးဖွားခဲ့သည်။ အကြီးဆုံးမှာ ဦးအေးဖြစ်၍ အလတ်မှာ ဦးရွှေသားဖြစ်သည်။ အငယ်ဆုံးမှာ မလွန်မယ်ဖြစ်သည်။

ဦးအေးသည် ဖခင်လက်ဝဲသုန္ဒရ၏ခြေရာကို နင်းနိုင်သူဟု ဆိုနိုင်သည်။ ဦးအေးရေးဖွဲ့ခဲ့သော စာပေများသည် မြန်မာစာပေစင်မြင့်တွင် ဝွားဝွားစွင့်စွင့်ပွင့်လန်းလျက်ရှိသည်။ ဦးအေးသည် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားသူဖြစ်သော်လည်း ဆရာကြီးဦးပေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းတွင် ဦးအေး၏အကြောင်းကို မှတ်တမ်းတင်မခံရရှာပေ။ ထို့အတူ ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ်တွင်လည်း ဦးအေး၏ အတ္ထုပ္ပတ္တိကို ဖော်ပြမထားပေ။

ဗိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိတွင်ကား ဦးအေး၏အကြောင်းကို “တရားမတရားသူကြီးဦးအေး”ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြ၍ထား၏။ ဗိုလ်မှူးဘသောင်းသည် မော်ဘီဆရာသိန်း၏ အရှုံးလွယ်အိတ်စာတမ်း၊ ပါးစပ်ရာဇဝင်တို့ကို ကိုးကား၍ ဦးအေး၏အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ စာဆိုတော်များအတ္ထုပ္ပတ္တိတွင် ဦးအေးသည် ဘကြီးတော်စစ်ကိုင်းမင်းနှင့် ငယ်သူငယ်ချင်းဖြစ်ကြောင်း၊ ဦးအေးသည် ရေကြည်ဝန်၊ အသည်ဝန်၊ အတွင်းဝန်၊ မိုးနဲတပ်စစ်ကဲကြီး၊ မြင်းခုံတိုင်မြို့စား၊ တရားမတရားသူကြီး၊ မင်းကြီးအတုလမဟာဓမ္မိကရာဇာဘွဲ့များ ရရှိခဲ့ကြောင်းသာ ဖော်ပြထားသည်။ ထို့ထက်ပို၍ ဦးအေးအကြောင်းကို ဖော်ပြထားခြင်းမရှိပေ။

မင်းတုန်းမင်းလက်ထက်တွင် ပြုစုခဲ့သော ကဗျာဝိဒူအနုပဒ္ဓိကထာကျမ်း၌ ဦးအေး၏အကြောင်းကို အသေးစိတ်ဖော်ပြထား၏။ ထို့ပြင် ဦးအေးပြုစုခဲ့သော စာပေစာရင်းကိုပါ ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိထက်ပို၍ ပြည့်စုံသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ကဗျာဝိဒူအနုပဒ္ဓိကထာကျမ်းမှ ဦးအေး၏အတ္ထုပ္ပတ္တိကို မူရင်းအတိုင်းဖော်ပြလိုက်ပါသည်။

“တရားသူကြီးလက်ဝဲသုန္ဒရသား ဦးအေးအကြောင်းကား ဘုရားဘေးတော်ဘုရားလက်ထက်တော် အသက် ၁၂ နှစ်အရွယ်က ရွှေနန်းတော်မှာ ထမ်းရွက်ရသည်။ ၁၅ နှစ်အရွယ်တွင် ရေကြည်မှူးခန့်တော်မူလျှင် မြင်းမူရွာကိုစား၍ ၅၀ တော်သွေးကြီး ခန့်သည်။ “စည်သူရွှေတောင်”၊ “ရွှေတောင်စည်သူနော်ရထာ”ဘွဲ့ကိုလည်း ခံရသည်။

ဘုရားဘကြီးတော်ဘုရားလက်ထက် “အသည်ဝန်” ခန့်တော်မူသည်။ သမီးတော်ချောင်း ရွှေနားတော်သွင်းကိုလည်း အမိန့်တော်နှင့် လုပ်ရသည်။ နောက် မိုးနဲမြို့စစ်ကဲ၊ ဝန်ခန့်ပြန်သည်။ နောက် အတွင်းဝန်ခန့်၍ စို့လေးဆယ်ဗိုင်းဝန်းကျင် သေနတ်၊ စွန်းလွန်းသေနတ်၊ လော်ကားတော်ကြီး ၄ စင်းများကိုလည်း အုပ်ထိန်းရသည်။ နောက် အမရပူရမြို့ကို မြို့ဝန်ခန့်၍ ကွဲးဘိုးကိုလည်း စားသည်။ အတွင်းဝန်ခန့်တော်မူပြန်သည်။ “မဟာမင်းလှနော်ရထာ”၊ “မဟာအတုလသီဟသူ”၊ “မင်းကြီးအတုလမဟာသီဟသူ”ဘွဲ့ကိုလည်း သနားတော်ခံရသည်။ “မင်းဆက်ရာဇဝင်ချုပ်သံပေါက်”ကိုလည်း ရေးသည်။

ဘုရားခမည်းတော်ဘုရားလက်ထက် တရားသူကြီးခန့်တော်မူ၍ မြင်းခုံတိုင်မြို့တရားရုံး ကွဲးဘိုးများကိုလည်း စားရသည်။ ဘုရားသမီးတော် ဘုရားနားတော်ထွင်းတွင် မင်္ဂလာရတုလျှောက်ရသည်။ ဘုန်းတော်ကြီးလှသောဘုရား လက်ထပ်တော်မူသည့် မင်္ဂလာရတုကိုလည်း အမိန့်တော်နှင့်လုပ်ရ၍ ကျောက်စီတောင်ဝေ့း သနားတော်မြှတ်ခံရသည်။ “မင်းကြီးအတုလမဟာဘိနန္ဒသူ”၊ “မင်းကြီးအတုလမဟာဓမ္မိကရာဇာ”ဘွဲ့ကိုလည်း သနားတော်မြှတ်ခံရသည်။ မတဲ့သို့ထွက်စံတော်မူရာနောက်တော်ပါ၍ အသက် ၇၄ နှစ်အတွင်းဝင်တွင် သေလွန်လေသည်”ဟူ၍ ဖြစ်သည်။

ဦးအေးပြုစုခဲ့သော စာစုစာရင်းကိုလည်း သမီးတော်ချောင်း၊ ရွှေနားတော်သွင်း၊ မင်းဆက်ရာဇဝင်သံပေါက်၊ သမီးတော်ဘုရားနားထွင်းရတု၊ ဘုန်းတော်ကြီးဘုရား လက်ထပ်မင်္ဂလာရတုဟူ၍ ဖော်ပြထားသည်။

**❖ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြုစုသော မှန်နန်းရာဇဝင်တော်သစ်တွင် ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်များပါ၏။ မှန်နန်းရာဇဝင်တော်သစ်တွင် ဖော်ပြထားသော ရာဇဝင်ချုပ်သံပေါက်မှာ အပြည့်အစုံမဟုတ်ပေ။ “ကလေးမြို့ပိုင်၊ ထီးရိုင်တိုင်၊ လှိုင်အံ့ခုနစ်လဆင်း”ဟူသောသံပေါက်တွင် အဆုံးသတ်ထား၏။ သံပေါက်အရ ကလေးကျေးတောင်ညိုမင်းလက်ထက်ထိသာ ဖော်ပြထားသည်။ နောက်ပိုင်းမင်းဆက်သံပေါက်များကို ဖော်ပြမထားပေ။ ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်ကို ဆရာကြီး ရွှေပြည်ဦးဘတင်၏ မြန်မာစာပေလောကစာအုပ်တွင် ထပ်မံ၍တွေ့ရပြန်သည်။ ❖**

ကဗျာဝိဒူအနုပဒ္ဓိကထာကျမ်းအရ ဦးအေးသည် ဘိုးတော်ဗဒုံမင်းလက်ထက် အသက် ၁၂ နှစ်အရွယ်ကတည်းကပင် နန်းတော်အတွင်း၌ အမှုထမ်းခဲ့သူဖြစ်ကြောင်း သိနိုင်သည်။ ဘိုးတော်ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်း၊ သာယာဝတီမင်းတို့လက်ထက်တွင် ဦးအေးသည် ဘွဲ့တံဆိပ်အမျိုးမျိုးရရှိခဲ့သည်။ ဦးအေးရရှိခဲ့သောဘွဲ့တံဆိပ်တို့မှာ-

(၁) စည်သူရွှေတောင်၊
(၂) ရွှေတောင်နော်ရထာ၊
(၃) မဟာမင်းလှနော်ရထာ၊
(၄) မဟာအတုလသီဟသူ၊
(၅) မင်းကြီးအတုလမဟာသီဟသူ၊
(၆) မင်းကြီးအတုလမဟာဘိနန္ဒသူ၊
(၇) မင်းကြီးအတုလမဟာဓမ္မိကရာဇာဘွဲ့တို့ကို ရရှိခဲ့သည်။

ထို့အတူ ဦးအေးရရှိခဲ့သော ရာထူးတို့မှာလည်း-

(၁) ရေကြည်မှူး၊
(၂) ၅၀ တော် သွေးသောက်ကြီး(မြင်းမူရွာစား)၊
(၃) အသည်ဝန်၊
(၄) မိုးနဲမြို့စစ်ကဲဝန်၊
(၅) အတွင်းဝန်၊
(၆) အမရပူရမြို့ဝန်၊ တရားသူကြီးတို့ဖြစ်သည်။

ဦးအေးသည် ဘိုးတော်ဗဒုံမင်းလက်ထက်မှ သာယာဝတီမင်းလက်ထက်ထိ ဘွဲ့အမျိုးမျိုး၊ ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ဦးအေး၏ မွေးဖွားနှစ်နှင့် ကွယ်လွန်နှစ်ကို မသိရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ အသက် ၇၄ နှစ်အဝင်တွင် ကွယ်လွန်သည်ဟူ၍သာ သာမန်အားဖြင့် သိရသည်။ ဦးအေး၏ မွေးဖွားနှစ်၊ ကွယ်လွန်နှစ်များကို ထပ်မံရှာဖွေဖော်ထုတ်ရဦးမည်ဖြစ်သည်။

ဦးအေးပြုစုခဲ့သော စာပေများတွင် စစ်ကိုင်းမင်းသမီးချောင်းနှင့် ရတုတချို့မှာ ပုံနှိပ်မှုအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ဦးအေးရေးသားပြုစုခဲ့သော စစ်ကိုင်းမင်းသမီးချောင်းကို ဆရာကြီးဦးထွန်းရီပြုစုသော “ချောင်းကဗျာစစ်တမ်းနှင့် ချောင်းသစ်ပဒေသာ”စာအုပ်တွင် ပါရှိပြီးဖြစ်သည်။ ဦးအေး၏ရတုတို့မှာလည်း ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေသော ရှိမ္မကားဆရာတော်စာစုနှင့် ပန်းရွှေပြည်စာအုပ်တိုက်ကပင် ထုတ်ဝေခဲ့သည့် မြန်မာမင်းများလက်ထက် ရတုပေါင်းချုပ်သုံးတွဲတွင် ပါရှိပြီးဖြစ်သည်။

တစ်နေ့တွင် ဦးအေးပြုစုသော ရာဇဝင်ချုပ်သံပေါက်ပေတစ်ဆူ ရရှိခဲ့သည်။ “အတွင်းဝန်မင်းကြီးအတုလမဟာသီဟသူရေး ရာဇဝင်ချုပ်သံပေါက်”ဟု ပါရှိသည်။ ဦးအေးပြုစုသော ရာဇဝင်ချုပ်သံပေါက် ပေမူရရှိသောအခါတွင် ရာဇဝင်ချုပ်သံပေါက်များကို ပုံနှိပ်မှုဖြင့် ရှိ၊ မရှိ စာအုပ်စာတမ်းများတွင် ရှာဖွေမိသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြုစုသော မှန်နန်းရာဇဝင်တော်သစ်တွင် ဦးအေး၏ရာဇဝင်ချုပ်သံပေါက်များပါ၏။ မှန်နန်းရာဇဝင်တော်သစ်တွင် ဖော်ပြထားသော ရာဇဝင်ချုပ်သံပေါက်မှာ အပြည့်အစုံမဟုတ်ပေ။ “ကလေးမြို့ပိုင်၊ ထီးရိုင်တိုင်၊ လှိုင်အံ့ခုနစ်လဆင်း”ဟူသောသံပေါက်တွင် အဆုံးသတ်ထား၏။ သံပေါက်အရ ကလေးကျေးတောင်ညိုမင်းလက်ထက်ထိသာ ဖော်ပြထားသည်။ နောက်ပိုင်းမင်းဆက်သံပေါက်များကို ဖော်ပြမထားပေ။

ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်ကို ဆရာကြီး ရွှေပြည်ဦးဘတင်၏ မြန်မာစာပေလောကစာအုပ်တွင် ထပ်မံ၍တွေ့ရပြန်သည်။ မြန်မာစာပေလောကစာအုပ်ကို ကမ္ဘာ့ခေတ်စာပေတိုက်က ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မြန်မာစာပေလောကစာအုပ်တွင် တွေ့ရသော ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်မှာ သီပေါမင်းလက်ထက်ထိ ပါရှိနေသည်ကို တွေ့ရသည်။ မြန်မာစာပေလောကစာအုပ်တွင်ပါရှိသော ရာဇဝင်ချုပ်သံပေါက်သည် ဦးအေး၏ မူလရေးရင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်က ထပ်မံဖြည့်ထားဖွယ်ရှိသည်။ ဦးအေးသည် မင်းတုန်းမင်း၊ သီပေါမင်းတို့လက်ထက်တွင် သက်ရှိထင်ရှားမရှိတော့ပါ။ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဆရာကြီးရွှေပြည်ဦးဘတင်၏ မြန်မာစာပေလောကပါ ရာဇဝင်ချုပ်သံပေါက်များတွင် နောက်လူတို့ဖြည့်ထားသော သံပေါက်များ ပါဝင်နေသည်။

ကျွန်တော်ရရှိခဲ့သော ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်ပေမူတွင် မြန်မာရာဇဝင်ကို သံပေါက် ၁၄၄ ပုဒ်ဖြင့် အကျဉ်းချုပ်ဖွဲ့ဆိုထားသည်။ ဖွဲ့ဆိုရာတွင် ညောင်ရမ်းခေတ်ထိသာပါရှိပြီး ကုန်းဘောင်ခေတ်မင်းဆက်များမပါရှိပါ။ ညောင်ရမ်းခေတ်နောက်ပိုင်း ကုန်းဘောင်မင်းဆက်များကို ရေးဖွဲ့ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဦးအေး၏ မူလရေးရင်းရာဇဝင်ချုပ်သံပေါက်သည် ညောင်ရမ်းခေတ် ဟံသာဝတီပါမင်းလက်ထက်ထိသာ ရေးဖွဲ့ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ရာဇဝင်ချုပ်သံပေါက်နိဂုံးတွင် “အသည်အတွင်းဝန်မင်းကြီး အတုလမဟာသီဟသူ ရွှေးနုတ်တော်မူသည့် ရာဇဝင်ချုပ်ပြီး၏”ဟု ပါရှိသည်။ ပေမူတွင် ရေးကူးသောနှစ်ကိုလည်း “သက္ကရာဇ် ၁၂၃၆ ခုနှစ် ကဆုန်လဆန်း ၄ ရက် တနင်္ဂနွေ နံနက်တချက်တီးကျော်အချိန်တွင် ရာဇဝင်ချုပ် ရေးကူး၍ပြီးသည်”ဟူ၍ ပါရှိသဖြင့် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ ရေးကူး၍ပြီးကြောင်း သိရသည်။

ပေမူတွင်တွေ့ရသော ကွာခြားချက်များကို ဆိုပါဦးမည်။ မှန်နန်းရာဇဝင်တော်သစ်တွင်ပါသော ရာဇဝင်ချုပ်သံပေါက်၊ မြန်မာစာပေလောကတွင်ပါသော ရာဇဝင်ချုပ်သံပေါက်တို့တွင် ရှင်ဘုရင်တို့၏ နန်းတက်နှစ်၊ အိမ်နိမ့်၊ နန်းစံ၊ နံတော်တို့သာ ဖော်ပြပါရှိသည်။ ပေမူတွင် ရှင်ဘုရင်များနတ်ရွာစံသောအခါတွင် ဖြစ်ပွားသော အတိတ်နိမိတ်များပါရှိသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ဆရာကြီးရွှေပြည်ဦးဘတင်တို့သည် မူရင်းပေ၊ ပုရပိုက်ပါ အတိတ်နိမိတ်များကို မကူးဘဲ ဖြုတ်ချထားခဲ့သည်ဟု ယူဆရပါသည်။

နောက်ထပ်ကွာခြားချက်တစ်ခုမှာ ပေမူတွင် နိဂုံးလင်္ကာပါရှိခြင်းဖြစ်သည်။ နိဂုံးလင်္ကာပိုဒ်တွင် တကောင်းမင်းဆက် ၁၇ ဆက်မှ အင်းဝခေတ်ညောင်ရမ်းမင်းဆက်ထိ ဖွဲ့ဆိုထားပါသည်။ ဦးအေး၏ရာဇဝင်ချုပ်သံပေါက်နိဂုံးလင်္ကာပိုဒ်ကို အလွတ်ကျက်ထားလျှင် မြန်မာရာဇဝင်တစ်လျှောက်လုံးမှ မင်းဆက်များကို အလွယ်တကူသိနိုင်မည်ဖြစ်သည်။

### ရာဇဝင်ချုပ်သံပေါက်နိဂုံးပိုဒ်

ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်သည် ဇယားတိုင်ခြောက်တိုင်ဖြင့် ပြဆိုထားသည်။ သံပေါက်၊ သက္ကရာဇ်၊ အိမ်နိမ့်၊ စည်းစိမ်၊ နံ၊ ထူးခြားသောမှတ်ချက်များဟူ၍ ဇယားတိုင်ခြောက်တိုင်ထူကာ ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် သိသာအောင်ဆိုရလျှင် မဟာသမ္မတမင်းအကြောင်းကို ဇယားတိုင်ခြောက်တိုင်တွင် ထည့်သွင်းပုံကို ပြဆိုပါဦးမည်။ ဇယားတိုင်တစ်တွင် မဟာသမ္မတအကြောင်းကို “မဟာသမ္မတ၊ ဆသုည၊ ခနခြောက်နှစ်ခင်း”ဟူ၍ ထည့်သွင်းထားသည်။ ဇယားတိုင်နှစ်တွင် မဟာသမ္မတမင်း နန်းတက်သောသက္ကရာဇ် “၆၀”ကို ရေးထားသည်။ ဇယားတိုင်သုံးတွင် မင်းမဖြစ်မီ အိမ်နိမ့်စံအသက် “၂၀”ကို ရေးထားသည်။ ဇယားတိုင်လေးတွင် မင်းစည်းစိမ် “၆”နှစ်ကို ရေးထားသည်။ ဇယားတိုင်ငါးတွင် မဟာသမ္မတမင်း၏ နေ့နံတော် “၂”ကို ရေးထားသည်။ ဇယားတိုင်ခြောက်တွင် ထူးခြားသောမှတ်ချက်အဖြစ် “တော်ခုနစ်ရက်လည်း၏။ ဘေဒါရီမိဖုရားမှာ သန္ဓေ ၃ လရှိရစ်၏”ဟူ၍ ရေးထားသည်။ မင်းဆက်များအကုန်လုံးကို အထက်ပါ ဇယားတိုင်ခြောက်တိုင်ဖြင့် ရေးထားခြင်းဖြစ်သည်။

ရာဇဝင်ချုပ်သံပေါက်နိဂုံးပိုဒ်မှာ မြန်မာနိုင်ငံ၌ စိုးစံခဲ့သော မင်းစဉ်အရေအတွက်ကို အကျဉ်းချုပ်ဖွဲ့ဆိုထားသည်။ ထိုနိဂုံးသံပေါက်ကို အလွတ်ကျက်ထားလျှင် မြန်မာနိုင်ငံ၌ စိုးစံခဲ့သောမင်းဆက်များကို အလွယ်တကူသိနိုင်ပါသည်။ ထိုလင်္ကာကို အောက်တွင် ဖော်ပြလိုက်သည်။

“သိင်္ဂီရဝေ၊ ရွှေနန်းနေတို့၊ တွက်ပေါင်းထေ၊ ကျဉ်းကာပျစိမ့်၊ ပေါက်ပြကျော်သောင်း၊ မြို့တကောင်း၌၊ မင်းပေါင်းတဆဲ့ခုနစ်ပေ၊ သရေခေတ္တရာ၊ သတ္တာဗိသာ၊ ရိမဒ္ဒမူ၊ ငါးဆယ်နှင့်ငါး၊ ဆင့်ပွားထပ်လော့၊ ပန်းရချော့တည်၊ မြောက်စစ်ကိုင်းမူ၊ ခုနစ်ဟူသား၊ တောင်ငူဆက်ရှေး၊ သုံးဆဲ့လေးတည်၊ ပုံ့မွေးသာယာ၊ ပြည်မြို့မှာမူ၊ ရာဇပေါင်းရုံး၊ နှစ်ဆဲ့သုံးတည်၊ တိုင်းလုံးချက်မ၊ ရွှေအင်းဝဝယ်၊ သုံးဆယ်မင်းဆက်၊ မှတ်ချက်ပိုင်းချား၊ မော်ကွန်းထားသည်၊ သည်းဖျားမလျူ မှတ်စေသောဝ်”ဟူ၍ဖြစ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မင်းဘူးခရိုင်အတွင်း ကျေးရွာ ၁၈ ရွာ၌ ယခုနှစ်မိုးကာလတွင် GAP စနစ်ဖြင့် မိုးနှမ်းဧက ၁၇၅၀ စိုက်ပျိုးမည်



ယခင်နှစ်က GAP စနစ်ဖြင့်စိုက်ပျိုးခဲ့သည့် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းဘူး မေ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ကျေးရွာ ၁၈ ရွာ၌ ယခုနှစ် မိုးကာလတွင် GAP စနစ်ဖြင့် မိုးနှမ်းဧက ၁၇၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက ပြောပြ၍ သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့ရှိ ကျေးရွာများတွင် GAP စနစ်ဖြင့် မိုးနှမ်းများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးကာလတွင် မိုးနှမ်းသီးနှံကို GAP စနစ်ဖြင့် မင်းဘူးမြို့နယ်တွင် ကျေးရွာငါးရွာမှ တောင်သူအစုအဖွဲ့ကိုးဖွဲ့ တောင်သူ ၂၂၁ ဦးက ဧက ၉၅၀၊ ပွင့်ဖြူမြို့နယ်တွင် ကျေးရွာ လေးရွာမှ တောင်သူအစုအဖွဲ့ငါးဖွဲ့ တောင်သူ ၁၁၆ ဦးက ဧက ၅၀၀၊ စလင်းမြို့နယ်တွင် ကျေးရွာသုံးရွာမှတောင်သူအစုအဖွဲ့သုံးဖွဲ့ တောင်သူ ၂၇ ဦးက ဧက ၅၀၊ ငဖဲမြို့နယ်တွင် ကျေးရွာငါးရွာမှ တောင်သူအစုအဖွဲ့ငါးဖွဲ့ တောင်သူ ၉၈ ဦးက ဧက ၂၀၀၊ စေတုတ္တရာမြို့နယ်တွင် ကျေးရွာတစ်ရွာမှ တောင်သူအစုအဖွဲ့တစ်ဖွဲ့ တောင်သူ ၃၅ ဦးက ဧက ၅၀ စုစုပေါင်းကျေးရွာ ၁၈ ရွာ တောင်သူအစုအဖွဲ့ ၂၃ ဖွဲ့ တောင်သူ ၄၉၇ ဦးက ဧက ၁၇၅၀ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးနှမ်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တာရဲ့ ရည်ရွယ်ချက်က စားသုံးသူပြည်သူတွေ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေဖို့၊ ထုတ်ကုန်သီးနှံတွေ အရည်အသွေး ကောင်းမွန်စေဖို့၊ ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းလာစေဖို့၊ လုပ်သားတွေရဲ့ ကျန်းမာရေးနဲ့ လူမှုဘဝတွေ သာယာဝပြောစေဖို့အတွက် ရည်ရွယ်ပြီး စိုက်ပျိုးထုတ်လုပ်တာဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးလှမိုးက ပြောပြသည်။

မင်းဘူးခရိုင်အတွင်း ယခင်နှစ် မိုးကာလက မိုးနှမ်းကို GAP စနစ်ဖြင့် မြို့နယ်ငါးမြို့နယ်တွင် ကျေးရွာအုပ်စု ၁၆ အုပ်စု တောင်သူအစုအဖွဲ့ ၂၄ ဖွဲ့ တောင်သူ ၄၉၈ ဦးတို့က စိုက်ဧက ၁၇၀၀ ကျော်စိုက်ပျိုးခဲ့ရာ မိုးနှမ်း ၁၀၉၅၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မိုးထက်(မင်းဘူး)**

# အင်္ဂပူမြို့နယ် မတောင့်တကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မတောင့်တကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေမင်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မတောင့်တကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၆ ဒသမ ၉၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ငွေကျပ် ၄၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သံသာ**

## ကျောင်းတော်ဖွင့်ချိန် အလှဆုံးနေ့

- မိုးဖွဲဖျန်းစ သည်ချိန်ခါ
စိမ်းမြလို့ သာယာ၊
ခေါင်းလောင်းသံသာ ချိုကြည်နှင်း
ချမ်းမြေ့ရှုမြင်ကွင်း။

- ပျော်ရွှင်လှမ်းနင်း ကျောင်းတော်ဆီ
နိုးကြား တက်ကြွညီ၊
ဖြူစိမ်း ပန်းချီ လှပုံရိပ်
သက်ဝင် ဆေးစက်ဖိတ်။

- လက်ချင်းတွဲချိတ် ပြုံးပန်းဝေ
မျိုးဆက် ရင်နှစ်တွေ၊
ပညာအမွေ ပန်ဆင်မြန်း
ပွဲတင့် ရည်ရွယ်လှမ်း။

- ကိုယ်စီအောင်ပန်း မွေ့ဖို့ရာ
အားသစ် ပြင်ဆင်ကာ၊
ဘက်စုံပညာ ထူးချွန်ရေး
မျှော်မှန်း ရှေးရှုတွေး။

- အနာဂတ်ရေး ပြည့်ပန်းတိုင်
တက်လှမ်း ဖွဲ့ပိုင်ပိုင်၊
ခိုလှုံတူပြိုင် ဉယျာဉ်လှ
ဂုဏ်တင့်ပန်ရ။

- ဆရာ မိဘ စွမ်းပြိုင်ကာ
မျိုးဆက်တို့ ညီညာ၊
"တိုင်း"ပမာ ပညာနန်း
ပွင့်ဖူး ဖြာဝေလျှမ်း။

- ရောင်စုံပွင့်ပန်း ပျံ့သင်းထုံ
ကျောင်းတော် လှရိပ်မြုံ
လှပေါင်းပြည့်စုံ ရင်ချမ်းမြေ့
မင်္ဂလာရှိပေ့ ကိုယ်စီမွေ့
ကျောင်းတော်ဖွင့်ချိန် အလှဆုံးနေ့။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ကိုဆိုဗိုပြဿနာတွင် ဆာ့ဘ်လူမျိုးများကို ထောက်ခံကြောင်း ရုရှားအစိုးရပြောကြား

**မော်စကို မေ ၃၁**

ကိုဆိုဗိုပြဿနာတွင် ရုရှားနိုင်ငံအနေဖြင့် ဆာ့ဘ်လူမျိုးများ၏ ရပ်တည်ချက်ကို စာနာထောက်ခံကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ဆားဘီးယားနိုင်ငံနှင့် မဟာမိတ်ဖြစ်သည့် ရုရှားနိုင်ငံတို့သည်ကိုဆိုဗိုလွတ်လပ်ရေးကို အသိအမှတ်ပြုထားခြင်းမရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် ဆားဘီးယားနိုင်ငံနှင့် ကိုဆိုဗိုမြောက်ပိုင်းရှိ ဆာ့ဘ်လူမျိုးများကို ခြွင်းချက်မရှိ ထောက်ခံကြောင်း၊ ကိုဆိုဗိုဆာ့ဘ်များ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုလည်း ကာကွယ်ပေးရမည်ဟု ယုံကြည်ထားသည်ဟု ဒီမစ်ထရီပက်စကော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။

ကိုဆိုဗို၌ ဆာ့ဘ်လူမျိုးများနှင့် အယ်လ်ဘေးနီးယား နွယ်ဖွားများကြား တင်းမာမှုများမြင့်တက်နေစဉ် ရုရှားအစိုးရ၏ အဆိုပါတုံ့ပြန်ချက်ပေါ် ထွက်လာခြင်းဖြစ်သည်။

ယခုနှစ်ဧပြီလအတွင်း ကျင်းပခဲ့သည့် ဒေသန္တရရွေးကောက်ပွဲများ၌ ဆာ့ဘ်လူမျိုးအများစု နေထိုင်ရာနယ်မြေများရှိ မြို့တော်ဝန်နေရာများအား အယ်လ်ဘေးနီးယားလူမျိုးများက ရယူခဲ့ပြီးနောက် ဆာ့ဘ်လူမျိုးများက ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

ဆန္ဒပြပွဲများနှင့်အတူအဓိကရုဏ်းများလည်းဖြစ်ပွားခဲ့ရာ လက်ရှိအချိန်တွင် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင်များက ကိုဆိုဗို၌ လုံခြုံရေးအင်အားမြှင့်တင်ပေးထားရကြောင်း သိရသည်။

KKO

# တက်စလာအကြီးအကဲ အီလွန်မက်စ် တရုတ်တာဝန်ရှိသူများနှင့် ပေကျင်းမြို့၌တွေ့ဆုံ

**ပေကျင်း မေ ၃၁**

အမေရိကန်နိုင်ငံ တက်စလာလျှပ်စစ်ကားကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အီလွန်မက်စ်သည် မေ ၃၀ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီလွန်မက်စ်သည် ပေကျင်းမြို့သို့ရောက်ရှိပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး၊ ကုန်သွယ်ရေးဝန်ကြီး၊ စက်မှုလုပ်ငန်းဝန်ကြီးများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

တက်စလာအမှုဆောင်အရာရှိချုပ် အီလွန်မက်စ်နှင့် တရုတ်တာဝန်ရှိသူများကြား ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ မသိရသေးကြောင်း သိရသည်။

အီလွန်မက်စ်၏ကြိုတင်ကြေညာခြင်းမရှိခဲ့သော တရုတ်ခရီးစဉ်ကို တရုတ်ပြည်သူများက လူမှုမီဒီယာစာမျက်နှာများပေါ်၌ ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြသည်။

အီလွန်မက်စ်သည် တရုတ်အစိုးရက ကိုဗစ်-၁၉ ရောဂါကူးစက်မှုလုံးဝကင်းစင်ရေးမူဝါဒကို ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း ပေကျင်းမြို့သို့ ရောက်ရှိလာသည့်ထိပ်တန်း အမေရိကန် စီးပွားရေးခေါင်းဆောင်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ပေကျင်းမြို့သို့ ရောက်ရှိနေစဉ် တက်စလာအမှုဆောင်အရာရှိချုပ် အီလွန်မက်စ်သည် တရုတ်လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် CATL ကုမ္ပဏီအကြီးအကဲကျမ်းယူကန်နှင့် ညစာအတူ စားသုံးခဲ့ကြောင်း သိရသည်။

KKO



# ကိုမိုဒို ၂၀၂၃ နိုင်ငံစုံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်ရေတပ်မှ စစ်သင်္ဘောနှစ်စီး ပါဝင်မည်



**ပေကျင်း မေ ၃၁**

အင်ဒိုနီးရှားနိုင်ငံက ယခုလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံစုံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်ရေတပ်စစ်သင်္ဘောများလည်း ပါဝင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုမိုဒို နိုင်ငံစုံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုဟူ၍ အမည်ပေးထားသော အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တရုတ်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်တင်စစ်သင်္ဘောများဖြစ်ကြသည့် ကျန်ကျန်းဖျက်သင်္ဘောနှင့် ရှုချန်းဖရီးဂိတ်စစ်သင်္ဘောတို့ပါဝင်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကိုမိုဒို နိုင်ငံစုံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံက မြောက်ကိုရီးယား၊ ရုရှား၊ တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံတို့ကဲ့သို့ နိုင်ငံများကိုလည်း ဖိတ်ခေါ်ထားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၇ နိုင်ငံတို့မှ ရေတပ်များကို ဖိတ်ကြားထားကြောင်း အင်ဒိုနီးရှားနိုင်ငံက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကပင် သတင်းထုတ်ပြန်ထားသည်။

၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ကိုမိုဒို နိုင်ငံစုံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင်လည်းတရုတ်ရေတပ်မှ စစ်သင်္ဘောနှစ်စီးပါဝင်ခဲ့ဖူးသည်။

ကိုမိုဒို ၂၀၂၃ ရေတပ်စစ်ရေးလေ့ကျင့်မှုကို လာမည့်ဇွန် ၄ ရက်မှ ၈ ရက်ထိ မာကတ်ဆာပင်လယ်ဆိပ်ကမ်းမြို့၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO

# ယူကရိန်းရေတပ် နောက်ဆုံးစစ်သင်္ဘော ရုရှားဒုံးကျည်များကြောင့်ပျက်စီး

**မော်စကို မေ ၃၁**



ယူကရိန်းရေတပ်၏နောက်ဆုံးစစ်သင်္ဘောကို ရုရှားတပ်များက ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်ကိုကိုးကား၍ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်းရေတပ်၏နောက်ဆုံးစစ်သင်္ဘောဖြစ်သော ယူရီအိုလက်ဖီရန်ကို စစ်သင်္ဘောမှာ ရုရှားဒုံးကျည်တိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့်နှစ်ရက်ကပင် အိုဒက်ဆာဆိပ်ကမ်း၌ ပျက်စီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းစစ်သင်္ဘောကို ရုရှားတပ်များက မေ ၂၉ ရက်တွင် ပစ်လွှတ်ခဲ့သော ဒုံးကျည်များထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်အရ သိရသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါပြောကြားချက်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာမှတ်ချက်ပေးရန် ယူကရိန်းရေတပ်တာဝန်ရှိသူများက ငြင်းပယ်ထားကြောင်း သိရသည်။

လက်ရှိဖြစ်ပွားနေသည့်စစ်ရေးပဋိပက္ခအတွင်း စစ်ရေးအရဆုံးရှုံးရမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မိမိတို့ထုတ်ပြောလိမ့်မည်မဟုတ်ကြောင်း ယူကရိန်းရေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယူကရိန်း၏ ပင်လယ်နက်ဆိပ်ကမ်းဖြစ်သည့် အိုဒက်ဆာဆိပ်ကမ်းမှ ရုရှားတပ်များ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် မေ ၂၉ ရက်တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

KKO

# ဘန်ဂါလူရူမြို့တော် ရေဆင်းစနစ်ပြုပြင်ထိန်းသိမ်းရန် ကန်ဒေါ်လာ ၃၆၂ သန်းကျော်ထိ အိန္ဒိယနိုင်ငံ လိုအပ်မည်

**ဒေလီ မေ ၃၁**

အိုးအိမ်ဖွံ့ဖြိုးမှု မြန်ဆန်ခြင်းကြောင့် ပျက်စီးခဲ့ရသော ရေဆင်းစနစ်ကွန်ရက်ကို ပြုပြင်ထိန်းသိမ်းရေးအတွက်အိန္ဒိယနိုင်ငံဘန်ဂါလူရူမြို့တော်အနေဖြင့် ရူပီးငွေ ၂၈ ဘီလီယံနီးပါး (အမေရိကန်ဒေါ်လာ ၃၆၂ ဒသမ ၇သန်း) ထိ လိုအပ်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရေနုတ်မြောင်းစနစ်များ ပျက်စီးမှုကြောင့် အိန္ဒိယနိုင်ငံ၏ အိုင်တီနည်းပညာ ဗဟိုချက်နယ်မြေဖြစ်သော ဘန်ဂါလူရူမြို့မှာ ရေဘေးသင့်မှုများနှင့် အကြိမ်ကြိမ်ရင်ဆိုင်နေရသည်။

သို့သော် ဘန်ဂါလူရူမြို့အနေဖြင့် ရေဘေးကာကွယ်ရေးအတွက် ရေဆင်းစနစ် ပြုပြင်ထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ ၃၆၂ သန်းကျော်ထိသုံးစွဲရန် လိုအပ်ဖွယ်ရှိကြောင်း ဗြိတိန်အခြေစိုက်နိုက်မရင့် အိမ်ခြံမြေလုပ်ငန်းအတိုင်ပင်ခံကုမ္ပဏီက တွက်ချက်ထားသည်။

ရေကန်များဝန်းကျင်နှင့် မိုးရေပိုမြောင်းများပေါ်၌ ဆောက်လုပ်ရေးလုပ်ငန်းများ အထိန်းအကွပ်မဲ့ပြုလုပ်ခဲ့ခြင်းကြောင့် ဘန်ဂါလူရူမြို့ရေကိုစုပ်ယူနိုင်စွမ်းနှင့် စွန့်ထုတ်နိုင်စွမ်းတို့ ပျက်စီးထိခိုက်ခဲ့ရကြောင်း နိုက်ဖရင့်အစီရင်ခံစာတွင် သုံးသပ်ထားသည်။


အိန္ဒိယနိုင်ငံ၏ ဆီလီကွန်တောင်ကြားအဖြစ် ထင်ရှားသော ဘန်ဂါလူရူမြို့သည် သတင်းအချက်အလက်နည်းပညာကုမ္ပဏီ ၃၅၀၀ ကျော်တို့တည်ရှိရာ မြို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ် ၂၀ အတွင်း ဘန်ဂါလူရူမြို့ဆီသို့ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမား သိန်းသန်းချီလာရောက်ခဲ့ကြပြီး အိုးအိမ်ဆောက်လုပ်ရေး လုပ်ငန်းများလည်း အားကောင်းလာခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အဓိကယာဉ်သွားလမ်းများနှင့် ကျေးလက်လမ်းများအပါအဝင် တစ်ကမ္ဘာလုံးကိုဖြန့်ကြက်ထားသည့်လမ်းများ မိုင်ပေါင်း ၁၃ သန်းထိရှိ



**ဝါရှင်တန် မေ ၃၁**

အဓိကယာဉ်သွားလမ်းများနှင့် ကျေးလက်လမ်းများ အပါအဝင် တစ်ကမ္ဘာလုံးကို လွှမ်းခြုံဖြန့်ကြက်ထားသည့်လမ်းများ၏ စုစုပေါင်းအရှည်မှာ အနည်းဆုံး မိုင်ပေါင်း ၁၃ သန်းထိရှိကြောင်း The Daily Mail သတင်းစာက မေ ၃၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကမ္ဘာတစ်ဝန်းရှိ လမ်းများကို ပြသထားသော ကွန်ပျူတာမြေပုံစနစ်တစ်ရပ်ကို ဖန်တီးနိုင်ခဲ့သည်။

အဆိုပါမြေပုံအရ ကမ္ဘာပေါ်၌ လမ်းအရှည်စုစုပေါင်း မိုင်ပေါင်း ၁၃ သန်းထိရှိပြီး ၎င်းလမ်းများ၏ ၁၄ ရာခိုင်နှုန်းမှာ အမေရိကန်လမ်းများဖြစ်ကြကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ မြေပုံတွင် လမ်းများကို အဓိကလမ်းမကြီးများ၊ ဒုတိယအဆင့်လမ်းများ၊ လမ်းသွယ်များနှင့် နယ်ခံသုံးလမ်းများဟူ၍ အတန်းအစားလေးမျိုးခွဲထားပြီး အရောင်များဖြင့် သတ်မှတ်ပေးထားသည်။

မိမိတို့၏တွေ့ရှိချက်အရ ကမ္ဘာတစ်ဝန်း စုစုပေါင်းလမ်းအရှည် ၁၃ သန်းအနက် ၁ ဒသမ ၈၆ သန်းမှာ အမေရိကန်နိုင်ငံ၌ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အလားတူ တရုတ်နိုင်ငံ၏ လမ်းအရှည်စုစုပေါင်းမှာ မိုင် တစ်သန်းရှိပြီး အိန္ဒိယနိုင်ငံ၏ လမ်းအရှည်စုစုပေါင်းမှာ မိုင် ၆၀၀၀၀၀ ရှိကြောင်း သိရသည်။ KKO


## ကမ္ဘာဂြိုဟ်၏ ဂြိုဟ်ရံလယောင် (Quasi-Moon) သစ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မေ ၃၁**

ကမ္ဘာဂြိုဟ်၏ ဂြိုဟ်ရံလယောင် (Quasi-Moon) သစ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက မေ ၃၀ ရက်က ရေးသားတင်ပြထားသည်။

ဂြိုဟ်ရံလယောင်များသည် ကမ္ဘာဂြိုဟ်၏ မူလဂြိုဟ်ရံလကဲ့သို့ ကမ္ဘာကို လှည့်ပတ်နေသော်လည်း နေ၏ဒြပ်ဆွဲအားအောက်တွင် ရှိနေသော ဂြိုဟ်သိမ်များဖြစ်ကြသည်။

2023 FW 13 အမည်ရှိ ဂြိုဟ်ရံလယောင်သစ်ကို အမေရိကန်သိပ္ပံပညာရှင်များက ဟာဝိုင်ယီကျွန်း အခြေစိုက် ပင်စတားခ်ရေဒီယို တယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။




2023 FW 13 ဂြိုဟ်ရံလယောင်သည် လွန်ခဲ့သောဘီစီ ၁၀၀ ကပင် ကမ္ဘာ၏အနီးသို့ ရောက်လာခဲ့ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ၎င်းဂြိုဟ်ရံလယောင်သည် အနည်းဆုံး နောင်နှစ်ပေါင်း ၁၅၀၀ ထိ ကမ္ဘာမြေကို ဆက်လက်လှည့်ပတ်နေဦးမည်ဖြစ်ကြောင်း သိရသည်။

2023 FW 13 ဂြိုဟ်ရံလသည် ကမ္ဘာမြေ၏ ဒြပ်ဆွဲအားဂြိုဟ်တုများအပေါ် သက်ရောက်ရာနယ်မြေ (Hill Sphere) ခေါ် နယ်မြေ၏ ပြင်ပ၌ရှိကြောင်း သိရသည်။KKO

## တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၆ မစ်ရှင်အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်းယာဉ်အတွင်းသို့ အောင်မြင်စွာဝင်ရောက်သွားပြီဖြစ်

**ပေကျင်း မေ ၃၁**

တရုတ်နိုင်ငံ၏ ရှန်ကျိုး-၁၆ မစ်ရှင်အာကာသယာဉ်မှူးများသည် မေ ၃၀ ရက်တွင် တီယန်ကောင်းအာကာသစခန်းယာဉ်အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်ကို မေ ၃၀ ရက်တွင် လောင်းမက်ခ်ျ-၂ အက်ဖ် ဒုံးပျံဖြင့် ချိုကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး နာရီအနည်းငယ်အကြာမှာပင် ရှန်ကျိုး-၁၆ အာကာသယာဉ်သည် တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် တီယန်ကောင်းအာကာသစခန်းယာဉ်ပေါ်သို့ ရောက်ရှိနေမည့် တရုတ်အာကာသယာဉ်မှူးဦးရေမှာ ခြောက်ဦးထိရှိနေပြီဖြစ်ကြောင်း သိရသည်။

ခြောက်လကြာ တာဝန်ပြီးဆုံးပြီဖြစ်သည့် ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးသုံးဦးကမူ ဇွန် ၃ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးသုံးဦးကမူ အာကာသစခန်းပေါ်၌ ငါးလကြာ ဆက်လက်နေထိုင်၍ တာဝန်များထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကင်ဆာကုထုံးတစ်မျိုးက သွေးကင်ဆာရောဂါ ကုသရာတွင် အောင်မြင်မှု ၉၀ ရာခိုင်နှုန်းထိရှိ

**ဂျေရုဆလင် မေ ၃၁**

စမ်းသပ်ဆဲကင်ဆာကုထုံးတစ်မျိုးသည် Multiple Myeloma ခေါ် သွေးကင်ဆာရောဂါတစ်မျိုးကို ကုသရာတွင် အောင်မြင်မှု ၉၀ ရာခိုင်နှုန်းထိ ရှိထားကြောင်း The Daily Mail သတင်းစာက မေ ၃၀ ရက်က ရေးသားတင်ပြထားသည်။

Chimeric Antigen Receptor T-Cellအမည်ရှိ အထက်ပါကုထုံးကို အစ္စရေးနိုင်ငံ ဟာဒက်ဆာတက္ကသိုလ်မှ ဆေးပညာရှင်များက စမ်းသပ်နေခြင်းဖြစ်သည်။

အဆိုပါကုထုံးသည် ကင်ဆာဆဲလ်များကို ဖျက်ဆီးရေးအတွက် လူနာ၏ကိုယ်ပိုင်ခုခံအားစနစ်ကို မြှင့်တင်ပေးသည့်ကုထုံးဖြစ်သည်။

အစ္စရေးသုတေသနပညာရှင်များသည် CAR-T ကုထုံးကို Multiple Myeloma သွေးကင်ဆာလူနာ ၇၄ ဦးတို့ဖြင့် စမ်းသပ်ခဲ့ရာ လူနာ ၉၀ရာခိုင်နှုန်းတွင် ရောဂါသက်သာသွားကြောင်း သိရသည်။

မိမိတို့၏ CAR-T ကုထုံးစမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်မှာ အံ့အားသင့်ဖွယ်ရလဒ်မျိုးဖြစ်ကြောင်း အစ္စရေးသုတေသနပညာရှင်များက ပြောကြားသည်။

CAR-T ကုထုံးသည် မျိုးဗီဇအင်ဂျင်နီယာနည်းပညာကို အသုံးပြု၍ ဖန်တီးထားသည့် Multiple Myeloma သွေးကင်ဆာထုထုံးဖြစ်သည်။

Multiple Myeloma သွေးကင်ဆာသည် ကမ္ဘာပေါ်၌ အဖြစ်အများဆုံးကင်ဆာရောဂါတစ်မျိုးဖြစ်ရာ မိမိတို့၏ကုထုံးသစ်သည် အထက်ပါ ကင်ဆာလူနာများအတွက် မျှော်လင့်ချက်ဖြစ်လာနိုင်ကြောင်း အစ္စရေးသုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ဓာတုဒြပ်ပေါင်းများက အသက်ရလာချိန် မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုကို တားဆီးပေးနိုင်

**နယူးယောက် မေ ၃၁**

သစ်သီးဝလံများတွင် ပါဝင်သော ဖလာဗာနောလ် (Flavanols) ခေါ် ဓာတုဒြပ်ပေါင်းများသည် အသက်ရလာချိန် မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဖလာဗာနောလ် ဓာတုဒြပ်ပေါင်း အထိုက်အလျောက်ချို့တဲ့နေသူများ၌ အသက်အရွယ်နှင့်ဆက်စပ်သည့် မှတ်ဉာဏ်ကျဆင်းမှုပြဿနာ ပေါ်လာတတ်ကြောင်း အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မွေးကင်းစကလေးများ ဦးနှောက်ဖွံ့ဖြိုးရေးအတွက် အထူးအာဟာရဓာတ်များလိုအပ်သလို အသက်အရွယ်ရလာသူများအနေဖြင့်လည်း ဦးနှောက်ကျန်းမာရေးအတွက် ဖလာဗာနောလ်ဓာတုဒြပ်ပေါင်းကဲ့သို့ အာဟာရဓာတ်များ လိုအပ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဖလာဗာနောလ် ဓာတုဒြပ်ပေါင်းကို ဘယ်ရီသီး၊ စပျစ်၊ ကိုကာနှင့် လက်ဖက်စိမ်းကဲ့သို့အသီးအနှံများတွင် ပါဝင်သလို ကြက်သွန်၊ ငရုတ်၊ ဆလတ်ရွက် စသည့်အသီးအရွက်များတွင်လည်း ပါဝင်သည်။


မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများ၏ဦးနှောက်စွမ်းဆောင်ရည်ကို ဖလာဗာနောလ်အလယ်အလတ်စားသုံးခြင်းဖြင့် မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို နည်းပြဂွါဒီယိုလာ လေးကြိမ်မြောက်ရရှိ



**လန်ဒန် မေ ၃၁**

ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့သည့် နည်းပြဂွါဒီယိုလာသည် ပရီးမီးယားလိဂ်သမိုင်းတွင် လေးကြိမ်မြောက် တစ်နှစ်တာအကောင်းဆုံးဆုကိုရရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ယခုနှစ်တွင် မန်စီးတီးအသင်းကိုပရီးမီးယားလိဂ်ချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင်လည်း ဗိုလ်လုပွဲထိပို့ဆောင်နိုင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုရရှိခဲ့ပြီး လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် မန်ယူအသင်းနည်းပြဟောင်း ဖာဂူဆန်က တစ်နှစ်တာအကောင်းဆုံးဆု ၁၁ ကြိမ်ဖြင့် ပထမနေရာတွင် ရပ်တည်နေပြီး နည်းပြဂွါဒီယိုလာက ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉၊ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတို့တွင်အကောင်းဆုံးဆုရရှိခဲ့သောကြောင့် ဒုတိယနေရာတွင်လည်းကောင်း၊ အာဆင်နယ်အသင်းနည်းပြဟောင်း အာစင်ဝင်းဂါးနှင့် ချဲလ်ဆီးအသင်းနည်းပြဟောင်းမော်ရင်ဟိုတို့က အကောင်းဆုံးဆုသုံးကြိမ်ဖြင့် တတိယနေရာတွင်လည်းကောင်း၊ လီဗာပူးအသင်းနည်းပြကလော့ပ်က အကောင်းဆုံးဆုနှစ်ကြိမ်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိကြောင်း သိရသည်။

ML

# တိုက်စစ်မှူးမာရှယ် ပေါင်ကြွက်သားဒဏ်ရာကြောင့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်ကို လွဲချော်မည်

**မန်ချက်စတာ မေ ၃၁**

ပြီးခဲ့သည့် မေ ၂၈ ရက်က ကစားခဲ့သည့် မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူးမာရှယ်သည် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် ဇွန် ၃ ရက်တွင် ကစားရမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း မန်ယူအသင်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မာရှယ်သည် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်၏ ပွဲကစားချိန် ၆၇ မိနစ်အရောက်တွင် လူငယ်ကစားသမား ဂါနာချိုနှင့် လူစားလဲကစားခဲ့ရပြီး ပွဲပြီးဆုံးချိန်ထိ ပါဝင်ကစားနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် မာရှယ်၏ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိခဲ့ဘဲ ယခုအခါ တိုက်စစ်မှူးမာရှယ်မှာ ပေါင်ကြွက်သားဒဏ်ရာကြောင့် မန်စီးတီးအသင်းနှင့်ကစားရမည့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်ကိုလွဲချော်မည်ဟု တရားဝင်ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူးမာရှယ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် အရန်ခုံတွင်သာ အချိန်ကုန်ဆုံးနေရကာ ပြိုင်ပွဲစုံတွင် ၂၉ ပွဲသာ ပါဝင်ကစားခဲ့ရသော်လည်း သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး လက်ရှိတွင်လည်း ကြွက်သားဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီ နောက်ဆုံးပွဲစဉ်ဖြစ်သည့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

မန်ယူအသင်းက "တိုက်စစ်မှူးမာရှယ်ဟာ ဖူလ်ဟမ်နဲ့ကစားခဲ့တဲ့ပွဲစဉ်မှာရရှိခဲ့တဲ့ ကြွက်သားဒဏ်ရာကြောင့် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်ကို ပါဝင်နိုင်မှာမဟုတ်ပါဘူး။ သူ့ရဲ့ဒဏ်ရာကို စစ်ဆေးတဲ့အခါမှာ ကာလတစ်ခုထိအနားယူရမယ်လို့သိရပါတယ်။ ဒါကြောင့် မန်စီးတီးနဲ့ပွဲစဉ်ကို ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါ့ပြင် ဖူလ်ဟမ်နဲ့ပွဲမှာ ခြေချင်းဝတ်ဒဏ်ရာရခဲ့တဲ့ အန်တိုနီလဲ လွဲချော်မှာဖြစ်သလို ဒဏ်ရာကြောင့် အနားယူနေရတဲ့ မာတီနက်ဇ်၊ ဆာဘစ်ဇာနဲ့ဗန်ဒီဘိခ်တို့လဲ မန်စီးတီးနဲ့ပွဲစဉ်ကို လွဲချော်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



# ဂလာဘတ်ကွင်းလယ်ကစားသမား မန်နူကိုနီကို ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် လီဗာပူးအသင်းကြိုးပမ်း

**လန်ဒန် မေ ၃၁**

လီဗာပူးအသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဂလာဘတ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် မန်နူကိုနီကို ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဝန်းကျင်ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် မန်နူကိုနီသည် ယခုနှစ်ဘောလုံးရာသီတွင် ဂလာဘတ်အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ကာ အသင်းကွင်းလယ်ပိုင်းကို အကောင်းဆုံးပံ့ပိုးနေသောကြောင့် လီဗာပူးအသင်းက ကွင်းလယ်ခံစစ်ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ၎င်းကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

အသက် ၂၂ နှစ်ရှိ လူငယ်ကစားသမား မန်နူကိုနီသည် ဂလာဘတ်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း နည်းပြကလော့ပ်က ဂျာမန်ကလပ်အသင်းများတွင်တာဝန်ယူခဲ့သည့်အားကစားဒါရိုက်တာ ရှိတ်မက်ကီနှင့်အတူ ကိုနီကိုခေါ်ယူရန် ဂျာမနီသို့ရောက်ရှိနေကာ အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံနေပြီး ဂလာဘတ်အသင်းက အလိုရှိနေသည့် ယူရိုသန်း ၄၀ ဝန်းကျင်ကိုပေးချေ၍ သဘောတူညီမှုရရှိရန် ကြိုးပမ်းနေသည်။

ကွင်းလယ်ကစားသမား မန်နူကိုနီသည် ၎င်း၏ကစားသမားဘဝကို တူးလော့အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် ဂလာဘတ်အသင်းသို့ ရောက်ရှိခဲ့သော်လည်း ပုံမှန်ပွဲကစားခွင့်မရခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် တူးလော့အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီး အသင်းနှင့်ပြန်လည်ပူးပေါင်းချိန်တွင် ပွဲထွက်ခွင့်ပြန်လည်ရရှိခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းမျိုးပြသနေသောကြောင့် ဥရောပအသင်းကြီးများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

ML

# AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်ကြောင်း အက်ရှ်လိုက်ဘူဟိုင်ပြောကြား

**လန်ဒန် မေ ၃၁**

ဗြိတိန်နိုင်ငံတွင် ကျင်းပမည့် AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ တောင်အာဖရိကဂေါက်သီးရိုက်မယ် အက်ရှ်လိုက်ဘူဟိုင်က လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်ဟု LET သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နောက်ဆုံးနေ့၌ Play-off ကစားပြီးမှ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် အက်ရှ်လိုက်ဘူဟိုင်က လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

အက်ရှ်လိုက်ဘူဟိုင်သည် ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ISPS Handa Australian Open ဂေါက်သီးရိုက် ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သလို ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် Investec South African Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးထားသူလည်းဖြစ်သည်။

အက်ရှ်လိုက်ဘူဟိုင်သည်ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင်သာမက အခြားသောပြိုင်ပွဲများတွင်လည်း အောင်မြင်မှုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသူလည်းဖြစ်သည်။




အက်ရှ်လိုက်ဘူဟိုင်က "AIG Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မနှစ်တုန်းကချန်ပီယံဆုကို ဆွတ်ခူးခဲ့စဉ်က အခက်အခဲတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အခုထိ အမှတ်ရနေတာတော့ နောက်ဆုံးနေ့ ၁၅ ကျင်းမြောက်မှာ တော်တော်လေးကို အမှားများခဲ့တယ်။ ပြတ်သားတဲ့ရလဒ်နဲ့အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့ပေမဲ့လဲ ၁၅ ကျင်းမြောက်ကအမှားကြောင့် နောက်ကနေ ဖိအားပေးနေတဲ့ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်ဂီချန်နဲ့ ရိုက်ချက်တူခဲ့တယ်။ အဲ့ဒါကြောင့် ချန်ပီယံဆုအတွက် Play-off ကစားခဲ့ရတယ်။ Play-off မှာ အမှားတွေကို ပြင်ဆင်နိုင်ခဲ့လို့ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် အကောင်းဆုံးကြိုးစားသွားမှာဖြစ်သလို အကောင်းဆုံးလဲ ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## အားကစားသတင်း အတိုအထွာများ

- လိဒ်အသင်းအနေဖြင့် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရသောကြောင့် ကွင်းလယ်ကစားသမားတိုင်လာအဒမ်နှင့် အာရွန်ဆင်တို့ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဒုတိယဦးစားပေးဂိုးသမား လူနင်၏နေရာတွင် ဂီတာဖေးအသင်းဂိုးသမားဒေးဗစ်ဆိုရီယာနှင့်အစားထိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- အသက် ၃၇ နှစ်ရှိ အေဗီလာကစားသမား အက်ရှ်လေယန်းသည် လာမည့်နွေရာသီ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ML

# ၂၀၁၉ ခုနှစ်နောက်ပိုင်း တူရကီစူပါလိဂ်ဖလားကို ဂါလာတာစာရေးအသင်း ဆွတ်ခူး

**အန္တာလျာ မေ ၃၁**

တူရကီစူပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၄)အဖြစ် ကစားခဲ့သည့် အန်ကာရာဂူကူအသင်းနှင့် ဂါလာတာစာရေးအသင်းတို့ပွဲစဉ်တွင် ဂါလာတာစာရေးအသင်းက အနိုင်ရရှိခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်နောက်ပိုင်း တူရကီစူပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် ဂါလာတာစာရေးအသင်းက အန်ကာရာဂူကူအသင်းကို လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဂါလာတာစာရေးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်နှင့် ၃၉ မိနစ်တွင် အီကာဒီကလည်းကောင်း၊ ပွဲချိန် ၇၃ မိနစ်တွင် ရီမက်ကလည်းကောင်း၊ ပွဲချိန် ၇၇ မိနစ်တွင် အိုလီဗီယာတို့ကလည်းကောင်း သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်းသည် အန်ကာရာဂူကူအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် တူရကီစူပါလိဂ်ပြိုင်ပွဲ ၃၄ ပွဲ ကစားပြီးချိန်၌ ရမှတ် ၈၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ဖိအားပေးနေသည့် ဖီနာဘာချီအသင်းကိုကျော်ဖြတ်ပြီး ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်းသည် တူရကီစူပါလိဂ်ပြိုင်ပွဲတွင် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ချန်ပီယံဆုနှင့် ဝေးကွာခဲ့ပြီး ယခုနှစ် ဘောလုံးရာသီမှသာ နည်းပြ အိုကန်ဘူရက်ဦးဆောင်မှုနှင့်အတူ ဥရောပထိပ်တန်းကစားသမားများကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို တစ်ကျော့ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ သီယာဂိုတက်ရောက်

**ပဲရစ် မေ ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား မျက်ဒဗျက်နှင့် လက်ရွေးစင်ပွဲအဆင့်မှ ပြိုင်ပွဲဝင်ခဲ့ရသည့် သီယာဂိုတို့ယှဉ်ပြိုင်ကစားခဲ့ရာ သီယာဂိုက (၇-၆၊ ၆-၇၊ ၂-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း AA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား တင်းနစ်ကစားသမား မျက်ဒဗျက်သည် ဘရာဇီးတင်းနစ်ကစားသမားသီယာဂိုအား ထင်မှတ်မထားသည့်ပုံစံဖြင့် ရှုံးနိမ့်ခဲ့ရသလို ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်၌ ရှုံးနိမ့်ခဲ့ရသည့်အတွက် ကမ္ဘာ့အဆင့်ကျဆင်းဖွယ်ရှိနေသည်။

သီယာဂိုသည် လက်ရှိကမ္ဘာ့အဆင့်(၁၇၂)နေရာတွင် ရပ်တည်နေသူဖြစ်ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင်ပါဝင်နေသည့် မျက်ဒဗျက်ကို အနိုင်ရခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်မြင့်တက်လာဖွယ်ရှိနေသည်။

မျက်ဒဗျက်နှင့် သီယာဂိုတို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီးပွဲကစားချိန်မှာ ၄ နာရီ ၁၅ မိနစ်ထိကြာမြင့်ခဲ့သည်။

သီယာဂိုက "အငယ်တန်းကစားသမားဘဝမှာကတည်းကနေ ယနေ့ထိ မျက်ဒဗျက်ကစားခဲ့တဲ့ပွဲစဉ်တွေကိုပုံမှန်ကြည့်ဖြစ်ခဲ့တယ်။ ဒီလိုခမ်းနားတဲ့ပြိုင်ပွဲမျိုးမှာ ဒီလိုကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားခွင့်ရဖို့ဆိုတာ ကျွန်တော့်ရဲ့အိပ်မက်တစ်ခုဖြစ်ပါတယ်။ အခုကျွန်တော့်အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့ပြီ။ အိပ်မက်တွေ တကယ်ဖြစ်လာတဲ့အပြင် ထင်မှတ်မထားဘဲ အနိုင်ရလဒ်ကိုပါ စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# တိုက်စစ်မှူး ဘင်ဇီးမားကို ဆော်ဒီကလပ်အယ်အီတီဟက်အသင်းက မြင့်မားသည့်လုပ်ခလစာဖြင့်ကမ်းလှမ်း



**ရီယာဒ် မေ ၃၁**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ဘင်ဇီးမားကို ဆော်ဒီထိပ်တန်းကလပ် အယ်အီတီဟက်အသင်းက မြင့်မားသည့် လုပ်ခလစာတလင်ပေါင် ၁၄၅ သန်းဖြင့် ကမ်းလှမ်းခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ ဘင်ဇီးမားသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က လိုင်ယွန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းကစားသမားဘဝ အစောပိုင်းဘောလုံးရာသီများက လူစားဝင်ကစားသမားအဖြစ်သာ ကစားခဲ့ရသော်လည်း ၂၀၁၈ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ စီရော်နယ်ဒိုထွက်ခွာခဲ့ပြီးနောက် အသင်းတိုက်စစ်ပိုင်းကို အဓိကကစားသမားအဖြစ် ဦးဆောင်ခဲ့သူဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းမှ စီရော်နယ်ဒို ထွက်ခွာခဲ့ပြီးနောက် ဘင်ဇီးမားသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဆုဖလားများဆွတ်ခူးနိုင်ခဲ့ရာတွင်လည်း အဓိကနေရာမှပါဝင်ခဲ့ကာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

လက်ရှိအချိန်ထိ ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဇီးမားကို သက်တမ်းတိုး စာချုပ်အတွက် ကမ်းလှမ်းထားခြင်းမရှိသောကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရမည်ဖြစ်သည့်အတွက် အယ်အီတီဟက်အသင်းက မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# မန်ယူအသင်းက ခံစစ်ကစားသမားဒါလော့ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မန်ချက်စတာ မေ ၃၁**

မန်ယူအသင်းသည် တောင်ပံခံစစ်ကစားသမားဒါလော့ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဒါလော့သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ပေါ်တိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် မန်ယူအသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဒုတိယဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခြင်း မရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်က အေစီမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒါလော့သည် အေစီမီလန်အသင်းတွင် တစ်ရာသီအငှားစာချုပ်ဖြင့်ကစားခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်တွင် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် လက်ရှိနည်းပြ တန်ဟက်လက်ထက်တွင် အသင်းခံစစ်ပိုင်း တောင်ပံနေရာလုံး၌ ကစားနိုင်ပြီး နည်းပြတန်ဟက်စိတ်ကြိုက်ကစားသမား တစ်ဦးဖြစ်သည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဒါလော့နှင့် မန်ယူအသင်းတို့ စာချုပ်သက်တမ်းမှာ လာမည့်ဇွန်လအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်ယူအသင်းက လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကမ်းလှမ်းခဲ့ရာမှ ၂၀၂၈ ခုနှစ်ထိ ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေသည့်အတွက် ဆာလီဘာကို အာဆင်နယ်အသင်း လက်လွှတ်ရဖွယ်ရှိနေ

**လန်ဒန် မေ ၃၁**

အာဆင်နယ်အသင်းက ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့သည့် အဓိကခံစစ်ကစားသမားဆာလီဘာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်နေသော်လည်း လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေသည့်အတွက် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် လက်လွှတ်ရဖွယ်ရှိနေကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဆာလီဘာသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က စိန့်အက်တီယန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း အစောပိုင်းဘောလုံးရာသီများ၌ အသင်းတွင်ကစားခွင့်မရရှိခဲ့ဘဲ အခြားအသင်းများတွင် အငှားစာချုပ်ဖြင့်သွားရောက်ကစားခဲ့ရပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက မာဆေးအသင်းတွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရာ၌ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဆာလီဘာသည် အသင်းခံစစ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အာဆင်နယ်အသင်းကို အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်နိုင်အောင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ဆာလီဘာနှင့် အာဆင်နယ်အသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် အာဆင်နယ်အသင်းက လက်မလွှတ်လိုသောကြောင့် အစောပိုင်းကတည်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးနေပြီး အာဆင်နယ်အသင်းက တစ်ပတ်လုပ်ခလစာ လင်ပေါင် ၄၀၀၀၀ ထိတိုးမြှင့်ကမ်းလှမ်းခဲ့သော်လည်း ဆာလီဘာက အနည်းဆုံးစတာလင်ပေါင် ၄၅၀၀၀ ထိ အလိုရှိနေသည့်အတွက် လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်နေပြီး လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မဖြစ်မနေရောင်းချရမည့် အရေးနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ STA

# အမျိုးသမီးများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့်ဥပဒေများ (၅)

လောက၌ အမှောင်တကာ့အမှောင်ထဲတွင် ကိလေသာရာဂအမှောင်သည် အဆိုးဆုံးဖြစ်ပေသည်။ ကာမရာဂကိလေသာအမှောင်ဖုံးလွှမ်းလာလျှင် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ မိမိလိုအင်ဆန္ဒပြည့်ဝရေးကိုသာ ဆောင်ရွက်တတ်ပေသည်။ အမျိုးသားတစ်ဦးသည် အမျိုးသမီးတစ်ဦးအပေါ် ကိလေသာရမ္မက်ဇောတပ်မက်မောကာ ချစ်မိကြိုက်မိပြီဆိုလျှင် ငိုက်မရှက်၊ ကြိုက်မရှက်ဆိုသကဲ့သို့ မရရသည့်နည်းဖြင့် ရအောင်ကြံဆောင် ရအောင်ယူကြသဖြင့် အမျိုးသမီး၏ ဂုဏ်သိက္ခာကိုထိပါးပြီး အခွင့်အရေးများ ဆုံးရှုံးရလေသည်။

ကိလေသာကာမရာဂနှင့်ပတ်သက်၍ အမျိုးသားတစ်ဦးကဖြစ်စေ၊ အပေါင်းအသင်းများဖြင့်ဖြစ်စေ၊ အမျိုးသမီးတစ်ဦးအပေါ် အတင်းအဓမ္မထိမ်းမြားပေးစားရန်အကြံဖြင့်ဖြစ်စေ သို့မဟုတ် မတရားကာမ စပ်ယှက်စေရန်အကြံဖြင့်ဖြစ်စေ သွေးဆောင်ခြိမ်းခြောက်ခေါ်ယူခြင်း(မိန်းမခိုးခြင်း)ဘေးအန္တရာယ်မှ ကာကွယ်ပေးရန်အတွက် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေတွင် ဥပဒေများပြဋ္ဌာန်းကာကွယ်ပေးထားသည်။

လူ့လောကကြီးသည် ဆန်းကြယ်လွန်းလှသည်။ မိဘများသည် သမီးမိန်းကလေးတစ်ဦးမွေးဖွားလာလျှင် သမီးမိန်းကလေးအတွက် အလေးထားဂရုစိုက်စောင့်ရှောက်ကြရသည်။ ထိုသို့ မိဘ၊ အစ်ကို၊ မောင်၊ အစ်မများက စောင့်ရှောက်သည့်ကြားက မိုက်တွင်းနက်သော သမီးများလည်းရှိသည်။ ခေတ်ရေ့ပြေးသော သမီးများသည် ရှေးရိုးစွဲ မိဘအုပ်ထိန်းသူများအတွက် ထိန်းကျောင်းရခက်ပေသည်။ သမီးတစ်ယောက်ထိန်းရတာခက်လှသည်။ နွားတစ်ထောင်သာ ထိန်းလိုက်ချင်သည်ဟု ရှေးလူကြီးမိဘများပြောဆိုသံကြားရဖူးသည်။ ထို့ကြောင့် "သမီးတစ်ကောင် နွားတစ်ထောင်" ဟူသော ဆိုရိုးစကား ပေါ်ပေါက်လာခြင်းဖြစ်ပေမည်။

အချို့သောသမီးများသည် မိဘအရိပ်အခြည်ကို သိတတ်သူများရှိသည်။ မိဘ၊ အုပ်ထိန်းသူ အစ်ကို၊ အစ်မ၊ မောင်၊ ညီမများမျက်နှာပျက်မည့်အနေအထိုင် မျိုးရှောင်ရှားကြသည်။ လျှပ်ပေါ်လော်လည်မှုကင်းမဲ့သည်။ ဟိရိဩတ္တပ္ပရှိသည်။ ထိုသမီးမျိုးသည် အနေအထိုင် ပိပြားကျစ်လျစ်သဖြင့် "ဗိုင်းကောင်းကျောက်ဖိ" ဟု ချီးမွမ်းပြောဆိုကြသည်။

"ဗိုင်းကောင်းကျောက်ဖိ သမီးလိမ္မာများကို သမီးကညာ အခါမလင့်စေရန်အတွက် မိဘများက အမျိုး၏ကောင်းခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း၊ မူးယစ်သောက်စား လောင်းကစားများကင်းသည့် သတို့သားကို သမက်တော်ရန်အတွက် စုံစမ်းလေ့လာကြပေသည်။

ထို့အတူ သားယောကျ်ားလေးမိဘများကလည်း သားယောကျ်ားလေးကို လင်မှတ်မှတ်၊ သားမှတ်မှတ် ရာသက်ပန်ရိုးမြေကျပေါင်းသင်းနိုင်မည့် သတို့သမီးကို ချွေးမဖမ်းရန်အတွက် စုံစမ်းလေ့လာကြသည်။ သားလိမ္မာ၊ သမီးလိမ္မာတို့၏ မိဘနှစ်ပါးတို့သည် တစ်ဦးနှင့်တစ်ဦး သဘောထားညီမျှကြသည့်အခါ သားနှင့်သမီးတို့ကို ထိမ်းမြားလက်ထပ်ရန် သဘောတူညီကြပြီး နှစ်ဖက်ဆွေမျိုးများနှင့် ရပ်ရွာအကြီးအကဲလူကြီးများကို အသိသက်သေထားကာ စေ့စပ်ကြောင်းလမ်းကြသည်။ ထိုသို့စေ့စပ်ရာတွင် ယောကျ်ားလေးနှင့်မိန်းကလေးများ အသိပေးသဘောတူညီမှုရယူပြီး စေ့စပ်သည်များရှိသည်။ တချို့ကား သားသမီးများကို အသိမပေးဘဲ စေ့စပ်ကြောင်းလမ်းသည်များရှိသည်။ တချို့ကား လူငယ်ချင်းမမြင်မတွေ့ဘူးဘဲ နှစ်ဖက်မိဘများသဘောကျ၍ စေ့စပ်ကြောင်းလမ်းထိမ်းမြားခြင်းများပြုကြသည်။ လူငယ်ချင်းမမြင်မတွေ့ဘူးသော်လည်း မိဘများစကားကိုနားထောင်သည့် သားလိမ္မာ၊ သမီးလိမ္မာတို့အိမ်ထောင်ရေးသည် သာယာဖြောင့်ဖြူးကာ ရာသက်ပန်ရိုးမြေကျပေါင်းသင်းနေထိုင်သွားကြသည်များရှိသည်။ အိမ်ထောင်ရေးကံကောင်းသူများဖြစ်ပေသည်။

အချို့သောမိဘများသည် လူမှုဆက်ဆံရေး၊ စီးပွားရေးအဆင်ပြေသည့်ယောကျ်ားလေးကို သမက်ဖမ်းလိုကြသည်။ ထို့ကြောင့်လည်း သမီးနှင့်သဘောတူကာ ခိုးပြေးရန်စီစဉ်သည့်မိဘများလည်းရှိသည်။ မိန်းကလေး၏ မိဘများကခိုးပြေးရန်သဘောတူသဖြင့် ယောကျ်ားလေးက မိန်းကလေးကို သွေးဆောင်ဆွဲခေါ်ခိုးပြေးသည်။ မိန်းကလေးက သဘောမတူငြင်းဆန်ကာ အမှုအခင်းဖြစ်ပွားသည်။ "သွေးဆောင်ဆွဲခေါ်ခြင်းခံရသူမိန်းကလေးကသဘောမတူဘဲ အကြမ်းဖက်၍ အတင်းအဓမ္မထိမ်းမြားရန်ဆွဲခေါ်ခြင်းသည် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆ နှင့် ငြိစွန်းသဖြင့် မိန်းကလေး၏ဖခင်က သဘောတူ၍ အတင်းအဓမ္မဆွဲခေါ်ခြင်းဖြစ်သည်ဟု ထုချေခြင်းမပြုနိုင်ပေ။ ဖခင်သည် သမီးသဘောမတူသူနှင့်ထိမ်းမြားလက်ထပ်ရန် အတင်းဆွဲခေါ်ခွင့်မပေးနိုင်ပေ။ ဆွဲခေါ်သည့်တရားခံသည် "ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆ အရ ပြစ်မှုမြောက်သည်"ဟု မောင်ကုနှင့် အစိုးရ (၁၉၉၇-၀၁) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး စာမျက်နှာ ၃၃၀ အမှုတွင် စီရင်ဆုံးဖြတ်ထားသည်။

> ❖ တစ်ဦးတစ်ယောက်သည် အသက် ၁၈ နှစ်အောက် မိန်းကလေးကို အနိုင်အထက်ပြုခြင်း သို့မဟုတ် ကာမသွေးဆောင်အကျင့်ဖျက်ဆီးခြင်း၊ အခြားသူတစ်ဦးဦးနှင့် မတရားသဖြင့်ကာမစပ်ယှက်ခြင်း စသည့်တစ်ခုခုပြုစေရန် မိန်းကလေးကို တစ်နေရာမှ ထွက်သွားစေရန် တစ်နည်းနည်းဖြင့် သွေးဆောင်လျှင် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆(က)အရ တရားစွဲဆိုခြင်းခံရပေမည်။ စွဲဆိုထားသည့် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားလျှင် ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရပေမည်။ ❖

အထက်ပါမောင်ကုနှင့်အစိုးရအမှုတွင် ရာဇသတ်ကြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆ သည် အမျိုးသမီးက လက်ထပ်ထိမ်းမြားရန် သဘောမတူလျှင် ဖခင်က သမီးနှင့်လက်ထပ်ထိမ်းမြားရန် အတင်းအဓမ္မဆွဲခေါ်ခွင့်မပေးနိုင်ကြောင်း၊ မိဘအုပ်ထိန်းသူတို့သည် မိန်းကလေးက သဘောမတူလျှင် ၎င်းတို့သဘောတူသော ယောကျ်ားလေးနှင့် အတင်းအဓမ္မလက်ထပ်ထိမ်းမြားပေးခြင်းမပြုနိုင်ကြောင်း ဥပဒေအနှစ်သာရကို လေ့လာတွေ့ရှိရသည်။ အမျိုးသမီးက လက်ထပ်ထိမ်းမြားရန်သဘောမတူလျှင် အမျိုးသမီး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆ အရ အကာအကွယ်ပေးထားသည်ကို တွေ့ရှိရပေသည်။ သမီးဖြစ်သူ သဘောမတူလျှင် မိဘများက မိမိသဘောတူသည့် ယောကျ်ားလေးနှင့် အတင်းထိမ်းမြားလက်ထပ်ပေး၍ မရကြောင်းနှင့် မိဘက ထိမ်းမြားလက်ထပ်ရန်သဘောတူသော်လည်း မိန်းကလေးက သဘောမတူလျှင် အတင်းအဓမ္မဆွဲခေါ်လျှင် ဥပဒေအရ အပြစ်ဒဏ်ပေးခြင်းခံရကြောင်း သင်ခန်းစာရပေသည်။

အချို့သောလူငယ်များသည် မိမိထက်အသက်ကြီးသည့် အပျိုကြီးကို တစ်ဖက်သတ်မေတ္တာရှိနေတတ်သည်။ အပျိုကြီးက မေတ္တာမတုံ့ပြန်သည့်အခါ အကြမ်းနည်းဖြင့် မေတ္တာကိုရယူရန်ကြံစည်ကြသည်။ ထိုသို့အကြမ်းနည်းဖြင့် တုံ့ပြန်မေတ္တာကိုရယူရန် စွန့်စားမှုမျိုးပြုလုပ်တတ်သည်။ ဤကဲ့သို့ မိမိထက်အသက်ကြီးသူ အပျိုကြီး၏မေတ္တာတုံ့ပြန်မှုမရသဖြင့် ရာဇဝတ်ပြစ်မှုကျူးလွန်ရန်ကြံရွယ်သည်ထက် မှားယွင်းသောစွန့်စားမှုပြုလုပ်ခဲ့သော လူငယ်တစ်ဦးအကြောင်း ရေးသားတင်ပြလိုပါသည်။

မော်ဘီမြို့နေ မခင်ညိမ်းသည် အသက် ၃၈ နှစ်ရှိအပျိုကြီးတစ်ဦးဖြစ်ပြီး မော်ဘီဈေးထဲ၌ အထည်ဆိုင်တည်ခင်းရောင်းချကာ မိခင်နှင့် တူမလေးနှစ်ဦးကို လုပ်ကျွေးနေသူဖြစ်သည်။ မောင်တင်အောင်သည် အသက် ၂၇ နှစ်အရွယ် လူပျိုတစ်ဦးဖြစ်ပြီး မော်ဘီဈေးထဲတွင် အပ်ချုပ်ဆိုင်ဖွင့်လှစ်ပြီး အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ မောင်တင်အောင်၏ သူငယ်ချင်းများဖြစ်ကြသော မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့သည် နှောကုန်းရွာသားများဖြစ်ကြသည်။

၁၃၂၇ ခုနှစ် ကဆုန်လပြည့်နေ့တွင် မခင်ညိမ်းသည် နှောကုန်းရွာ သဲအင်းဂူဘုန်းကြီးကျောင်းသို့ သွားရောက်၍ ဥပုသ်စောင့်သည်။ ညနေ ၄ နာရီခန့်တွင် မခင်ညိမ်းသည် မလှမြင့်၊ မခင်မြင့်တို့နှင့်အတူ ဥပုသ်စောင့်ရာ ဘုန်းကြီးကျောင်းမှ မော်ဘီမြို့သို့ ခြေကျင်ပြန်လာကြရာ ဦးစုရက အမျိုးသမီးများနောက်မှ စက်ဘီးတွန်း၍ လိုက်ခဲ့သည်။ ဘုန်းကြီးကျောင်းနှင့် မလှမ်းမကမ်းရှိ လမ်းဘေးတဲတစ်ခုမှ မောင်တင်အောင်ထွက်လာပြီး မခင်ညိမ်းတို့နှင့်အတူ လိုက်မည်ဟုပြောရာ မခင်ညိမ်းက မလိုက်ရန်တားသည်။ ထိုအခါ မောင်တင်အောင်သည် ဦးစုရထံမှ စက်ဘီးငှားစီး၍ ထွက်သွားသည်။ ခဏကြာသောအခါ မောင်တင်အောင်သည် စက်ဘီးနှင့်ပြန်လာရာ မောင်တင်စိန်နှင့်မောင်တင်ထွန်းတို့သည် မောင်တင်အောင်စီးလာသောစက်ဘီးဘေးမှ လမ်းလျှောက်လာကြသည်။

မောင်တင်အောင်သည် မခင်ညိမ်းအနီးသို့ ရောက်သောအခါ စက်ဘီးကိုထောက်ထားလိုက်ပြီး မခင်ညိမ်းကို အတင်းလက်ဆွဲခေါ်သည်။ မခင်ညိမ်းက ရုန်းကန်ပြီး ဖိနပ်ချွတ်ကာ မောင်တင်အောင်ကို ရိုက်သည်။ မောင်တင်အောင်က အတင်းဆွဲပြီး မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ကလည်း ဝိုင်းကူ၍ဆွဲသဖြင့် မခင်ညိမ်းမှာ ရုန်းကန်ရင်း လမ်းဘေးလယ်ကွက်ထဲသို့ တရွတ်တိုက်ပါသွားသည်။ မခင်မြင့်က မခင်ညိမ်း၏ လက်တစ်ဖက်ကို ဆွဲထားသော်လည်း အားချင်းမမျှသဖြင့် မခင်ညိမ်းသည် မောင်တင်အောင်တို့ လူစုဆွဲရာသို့ပါသွားခြင်းဖြစ်သည်။ လယ်ကွက်ထဲသို့ ရောက်သောအခါ မောင်တင်အောင်သည် မခင်ညိမ်းကို ပခုံးပေါ်တင်ပြီး အတင်းထမ်းပြေးသည်။ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ကလည်း အနားမှကပ်ပြီး လိုက်သွားကြသည်။

ထိုအချိန်တွင် မခင်ညိမ်း၊ မခင်မြင့်နှင့်မလှမြင့်တို့အော်ဟစ်သဖြင့် ဘုရားလမ်းရွာမှ ရွာသားအယောက် ၂၀ ကျော် ထွက်လာကာ မခင်ညိမ်းကို လွှတ်ရန်ဝိုင်းအော်သောကြောင့် မောင်တင်အောင်သည် ပခုံးပေါ်မှအောက်သို့ချလိုက်ရသည်။ မခင်ညိမ်းသည် သူကြီးထံတွင် တိုင်ရန်သွားရာ သူကြီးမရှိသဖြင့် မှော်ဘီရဲစခန်း၌ ချက်ချင်းသွားရောက်တိုင်တန်းသည်။ မောင်တင်အောင်တို့သုံးဦးကို ရွာသားများက ဖမ်းဆီးပြီး ရဲစခန်း၌ အပ်လိုက်သည်။ မောင်တင်အောင်တို့သုံးဦးကို ရုံးတင်တရားစွဲဆိုခြင်းဖြစ်သည်။

လူပျိုတစ်ဦးသည် အပျိုတစ်ဦးကို အတင်းဆွဲခေါ်လျှင် ဖြစ်တတ်သောဓမ္မတာသဘောအရ မတရားသဖြင့် ကာမစပ်ယှက်ရန်အကြံနှင့် ပြုလုပ်သည်ဟု သုံးသပ်ရမည်သာဖြစ်သည်။ ထိုကဲ့သို့သောကြံရွယ်ချက်မရှိဟုဆိုလျှင် မည်သည့်ကြံရွယ်ချက်နှင့် ဆွဲခေါ်သည်ဟု ထင်ရှားအောင်ပြရန်တာဝန်မှာ သက်သေခံဥပဒေပုဒ်မ-၁၀၆ ၏ ဥပမာ(အေ)အရ တရားခံအပေါ်၌ ကျရောက်လျက်ရှိသည်ဟုသုံးသပ်ကာ မောင်တင်အောင်သည် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆(၁)အရလည်းကောင်း၊ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့သည် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆(၁)/၁၁၄ အရလည်းကောင်း အပြစ်ရှိကြောင်း ကောက်ယူသုံးသပ်၍ ထောင်ဒဏ်အပြစ်ပေးခဲ့သည်။ မောင်တင်အောင်ပါ ၃ နှင့်ပြည်ထောင်စု (၁၉၆၆၊ မြန်မာပြည်စီရင်ထုံး-စာ ၁၀၀၆) အမှုကို ရည်ညွှန်းပါသည်။

တစ်ဦးတစ်ယောက်သည် အသက် ၁၈ နှစ်အောက် မိန်းကလေးကို အနိုင်အထက်ပြုခြင်း သို့မဟုတ် ကာမသွေးဆောင်အကျင့်ဖျက်ဆီးခြင်း၊ အခြားသူတစ်ဦးဦးနှင့် မတရားသဖြင့် ကာမစပ်ယှက်ခြင်း စသည့်တစ်ခုခုပြုစေရန် မိန်းကလေးကို တစ်နေရာမှ ထွက်သွားစေရန် တစ်နည်းနည်းဖြင့် သွေးဆောင်လျှင် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆(က)အရ တရားစွဲဆိုခြင်းခံရပေမည်။ စွဲဆိုထားသည့် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားလျှင် ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရပေမည်။

တစ်ဦးတစ်ယောက်သည် အသက်နှစ်ဆယ့်တစ်နှစ်အောက်မိန်းကလေးတစ်ဦးကို အနိုင်အထက်ပြုရန် သို့မဟုတ် ကာမသွေးဆောင် အကျင့်ဖျက်ဆီးရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ ပြင်ပနိုင်ငံတစ်ခုခုမှ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့သွင်းယူလျှင် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆(ခ)အရ တရားစွဲဆိုခြင်းခံရပေမည်။ စွဲဆိုထားသည့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားလျှင် ဆယ်နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံရပေမည်။

ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၆၆၊ ပုဒ်မ-၃၆၆(က)နှင့်ပုဒ်မ-၃၆၆(ခ)တို့သည် အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို အကာအကွယ်ပေးသည့် ဥပဒေများဖြစ်သည်။ ထိုပြစ်မှုများကျူးလွန်ခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် အမျိုးသားများအနေဖြင့် စိတ်ဆန္ဒအလိုကို အသိတရားနှင့်ထိန်းချုပ်နိုင်စေရန် စေတနာရှေ့ထားရေးသားတင်ပြအပ်ပါသည်။

**ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects No 1 Steel Mill (Myingyan) of Ministry of Industry




Senior General Min Aung Hlaing views functioning of No.1 Steel Mill (Myingyan).

**Nay Pyi Taw May 31**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied his entourage, Mandalay Region Chief Minister U Myo-Aung, Central Command Commander Maj-Gen Ko Ko Oo and officials, inspected No 1 Steel Mill (Myingyan) of Ministry of Industry, in Myingyan Township, Mandalay Region, this morning.

As regards the implementation of the No 1 Steel Mill project in financial year 2022-2023, Union Minister for Industry Dr Charlie Than reported on points and aims of the project, progress in implementing the guidance given by the Senior General, implementation of the project at less cost and least losses, and Deputy Minister U Yin MaungNyunt on functions of the mill, points of the Melt Shop-1, efforts to resume operations of the mill that was halted in the late 2017, smelting works that began on 24 March 2023, difficulties in implementing the project, progress of work and future programs.

In response, the Senior General said the nation's annual steel and iron demand is about two million tons. Hence, efforts were made to resume the mill's operations that were halted during the term of previous government. Electricity is needed to produce steel. Hence, field research should be conducted to supply enough power to the mill. In addition, solar power must also be taken into account. Melt Shop-1 of the mill is completed, and further steps are needed to complete the entire project. All must strive for the success of the project as the mill and Pinpet Steel Mill will produce steel for the country. Programs should be realized to bring about quality human resources for steel production. Basic needs of employees must be fulfilled. Long-term plans should be adopted to transport raw materials to the mill and its products to various places by electric trains in the future. He arranged synchronized work programs for union ministers and officials to facilitate the remaining tasks and to run the mill at maximum capacity.

The Senior General formally launched the Melt Shop-1 and billet production sector to mark the commissioning of the Melt Shop-1. Later, he commissioned the steel smelting functions of the foundry department. He then inspected the functions of foundry department in the Melt Shop-1, constant molding section where nine-metre long steel billets were produced. After hearing the reports of officials, the Senior General gave the work guidance.



Senior General Min Aung Hlaing goes round in No.1 Steel Mill (Myingyan).



Senior General Min Aung Hlaing accepts a gift.

The Senior General put his signature on a steel cubic billet manufactured on 24 March 2023 by the electric melting section of Melt Shop-1 in accord with his guidance and presented cash award for employees. Officials of the plant returned gifts.

The Senior General presented a flower basket for foreign experts serving at the plant.

The Senior General and party inspected installation of machines at Melt Shop-2 and steel sheets manufactured on 17 August 2016 and gave necessary guidance to officials.

At the mess hall of No 1 Steel Plant (Myingyan), the Senior General had lunch together with employees, gave words of encouragement for increased production of steel products and cordially greeted them.

No 1 Steel Plant (Myingyan) under the Ministry of Industry is located near Hsakha Village of Myingyan Township, Mandalay Region. It was implemented in 2004 through signing the agreement. It produced 2,000 tons of steel sheets from Melt Shop-2 in 2016. During theconstruction of the plant, although more than 90 per cent of machinery arrived, the project tasks were halted due to decisions from *See Page 13*





Senior General Min Aung Hlaing inspects No.1 Steel Mill (Myingyan).

*From Page 12*

the Union government fourth regular meeting 7/2017 and meeting decisions of the 11th day session of the four regular meeting of the Second Pyidaungsu Hluttaw in 2017. During the period of haltig the prject as from 15 March 2017, investments amounted to K403,932.882 million and the project has completed by 66.52 per cent. Due to halting the project, the State lost a large sum of finance, and the government paid back loans for the project. Steel manufacturing is of great importance for the State. Upon completion of the project, the country can reduce import volume of iron and steel wares and can use steel wares at cheaper prices than that of the foreign market. During the time of the State Administration Council, the government meeting 1/2021 decided to verify the steel plant projects and to resume them. During the inspection tour of No 1 Steel Plant (Myingyan) on 24 Januar 2022, the Senior General gave guidance on systematic supervision for timely completion of the plant project in building it in phases. In implementing the project tasks, the melt shop-1 has been completed for the phase-1. At a time when the phase-1 of the Melt Shop-1 is being operated at full capacity, tasks will be continued to run the Phase-2 for the melt shop-2. Running of the whole project will be undertaken phase to phase. No 1 Steel Plant (Myingyan) is striving as a main driving force for revitalization of the iron and steel industry of Myanmar and developing Myanmar's industrial sector more than now. 100



Senior General Min Aung Hlaing cordially greets the staff while having lunch.

# James Webb telescope: Icy moon Enceladus spews massive water plume

**Washington May 31**

Astronomers have detected a huge plume of water vapour spurting out into space from Enceladus, an icy moon of Saturn.

The 504km-wide (313 miles) moon is well known for its geysers, but this is a particularly big one.

The water stream spans some 9,600km - a distance equivalent to that of flying from the UK to Japan.

Scientists are fascinated by Enceladus because its sub-surface salty ocean - the source of the water - could hold the basic conditions to support life.

Nasa's Cassini mission (2004-2017) gathered tantalising evidence of the necessary chemistry by regularly flying through the geysers and sampling the water with its instruments - although it made no direct detection of biology.

The new super-plume was spied by the James Webb Space Telescope. Previous observations had tracked vapour emissions extending for hundreds of kilometres, but this geyser is on a different scale.

The European Space Agency (Esa) calculated the rate at which the water was gushing out at about 300 litres per second. This would be sufficient to fill an Olympic-sized swimming pool in just a few hours, Esa said.

BBC



The 500km-wide Saturnian moon is covered in ice.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ငါးရှဉ့်ပိဿာချိန် ၃၇၀၀ တင်ပို့နေ



**ကျိုက်လတ် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ငါးရှဉ့်ပိဿာချိန် ၃၇၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ် ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဆွေဆွေသန်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ငါးရှဉ့်များကို ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ဧပြီလက တစ်ရက်လျှင် ငါးရှဉ့်ပိဿာချိန် ၁၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ မေ ၂၉ ရက်ထိ တစ်ရက်လျှင် ငါးရှဉ့်ပိဿာချိန် ၃၇၀၀ ထိတင်ပို့ရောင်းချနေရကြောင်း သိရသည်။

"အခု ငါးရှဉ့်တွေ ရောင်းအားကောင်းလာတာက ပြည်တွင်းက ငါးရှဉ့်တွေကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချတဲ့ လုပ်ငန်းရှင်တွေ လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာနိုင်တာကြောင့်ဖြစ်ပါတယ်။ မွေးမြူရေးငါးရှဉ့်နဲ့ သဘာဝအတိုင်းဖမ်းဆီးရရှိတဲ့ငါးရှဉ့်က ဈေးအတူတူပဲဖြစ်ပါတယ်။ ကျိုက်လတ်မြို့နယ်က ငါးရှဉ့် နှစ်မျိုးစလုံးထွက်ပါတယ်။ သဘာဝအတိုင်း ရှာဖွေဖမ်းဆီးတဲ့ ငါးရှဉ့်တွေကတော့ ချောင်း၊ အိုင်၊ မြောင်းတွေ၊ လယ်ကွင်းတွေမှာ အများဆုံး ရှာဖွေရရှိတာဖြစ်ပါတယ်။ မွေးမြူရေးငါးရှဉ့်ကတော့ တစ်နှစ်ပတ်လုံး မွေးမြူရရှိတာဖြစ်ပါတယ်။ စားသုံးသူတွေကတော့ မွေးမြူရေးငါးရှဉ့်ကို ပိုပြီးအကြိုက်တွေ့ကြပါတယ်။ လက်ရှိ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဘက်သို့ တင်ပို့ရောင်းချနေပါတယ်။ ငါးရှဉ့်တစ်ပိဿာကို ငွေကျပ် ၁၃၀၀၀ ထိ ဈေးပေါက်နေပါတယ်" ဟု ကျိုက်လတ်မြို့နယ် ငါးရှဉ့်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဆွေဆွေသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့်ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးနေကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် လွှစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ လွှစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လွှစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀၃ သိန်းထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကျောက်မဲမြို့နယ်တွင် Slab Culvert တံတားတည်ဆောက်နေမှု စစ်ဆေး

**ကျောက်မဲ မေ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနက ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၁) ရပ်ကွက် ချယ်ရီလမ်းတွင် Slab Culvert တံတားတစ်စင်း တည်ဆောက်နေမှု အခြေအနေများကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးဌာနခွင့်ပြုရန်ပုံငွေကျပ် ၇၅၅၀၀၀၀ ဖြင့် ဆောင်ရွက်သည့် အမှတ်(၁) ရပ်ကွက် ချယ်ရီလမ်းတွင် မိုးရာသီရေစီးရေလာကောင်းမွန်မှုရှိစေရေး Slab Culvert တံတားတစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိ ဦးအောင်စည်က လုပ်ငန်းများကို မိုးမကျမီ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားသည်။

ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက် ချယ်ရီလမ်းတွင် အရှည် ၄၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေခြောက်လက်မ Slab Culvert တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနက မေ ၂၁ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မိုးရာသီတွင် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၁-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေး



**စစ်တွေ မေ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ဆိပ်ကမ်းများသို့ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား ရှင်းလင်းဆောင်၌ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါ မုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ဝန်ထမ်းများကို ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲသို့တက်ရောက်သည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် မိမိတို့ဌာနများတွင်လည်း အုပ်ချုပ်မှုအဆောက်အအုံများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုရှိခဲ့ပါကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ယခုပေးအပ်သည့် ထောက်ပံ့ငွေများသည် လတ်တလော အရေးပေါ်သုံးစွဲရမည့်ကိစ္စရပ်များအတွက် အထောက်အပံ့ဖြစ်စေရန် ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့် အခြားဒေသများသို့ ဆောလျင်စွာပေးပို့ထောက်ပံ့သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ ဌာနအလိုက် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ AQUARIUS သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် ဆိပ်ကမ်းပေါ်သို့ပို့ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့်စစ်ရေယာဉ်(မြစ်ကြီးနား)ဆိုက်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီးရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို ဘေးသင့်ဒေသများသို့ဆောလျင်စွာဖြန့်ခွဲပေးပို့နိုင်ရေးစနစ်တကျစီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်း၌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာတင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်

**နေပြည်တော် မေ ၃၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြောက်ဦးတပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမနှင့်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတို့၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌လည်းကောင်း၊အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ မေယုဝတီခန်းမနှင့်ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးတို့၌လည်းကောင်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စတီးချိုင့်များ ထောက်ပံ့ပေးအပ်ခြင်းများကို ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိစစ်သည်မိသားစုများ၊ဆရာ၊ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် သက်ဆိုင်ရာတိုင်းမှူးများက အဖွင့်အမှာစကားများ အသီးသီးပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်စဉ်။

ရောက်ပညာသင်ကြားကြမည့်ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ငွေများ၊ကျောင်းဝတ်စုံများ၊စာရေးကိရိယာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စတီးချိုင့်များ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။


## မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများကို ထောက်ပံ့ကူညီနိုင်ရန် ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများ ပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲကျင်းပမည်

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများကို ထောက်ပံ့ကူညီနိုင်ရန် ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများပူးပေါင်း၍ ရန်ပုံငွေပဒေသာကပွဲကို ဇွန် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ည ၆နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါရန်ပုံငွေပဒေသာကပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့မှ အနုပညာရှင်များစွာပါဝင်ဖျော်ဖြေကြမည်ဖြစ်ပြီး ရခိုင်အဖွဲ့အစည်းမှ ရခိုင်စည်တော်၊ ပတ္တမြားဒေဝီ စောမဲကြည် သီချင်းဖျော်ဖြေမှု၊ ရခိုင်သီချင်းဖျော်ဖြေမှု(ဗျာလသီချင်း)၊ ရုပ်ရှင်ဒါရိုက်တာညိုမင်းလွင်၊ ဒါရိုက်တာကျော်ဇောလင်း၊ဒါရိုက်တာညွန့်မြန်မာညီညီအောင်နှင့်ဒါရိုက်တာမောင်မျိုးမင်းပြဇာတ်များတင်ဆက်မှု၊ဟာသပညာရှင်များအစည်းအရုံးမှ ဟာသလူရွှင်တော်တစ်ခန်းရပ်ပြဇာတ်၊ကိုမြင့်(သမန်းကျား)၏ တေးသရုပ်ဖော်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သဘင်ပြကွက်၊သဘင်ဖျော်ဖြေမှု၊ သဘင်နှစ်ပါးသွားအစီအစဉ်နှင့် လူရွှင်တော်အငြိမ့်တို့ဖြင့် သီဆိုကပြဖျော်ဖြေကြမည်ဖြစ်သည်။

ထိုသို့ဖျော်ဖြေတင်ဆက်မှုများကို ဇွန် ၂ ရက်၊ ၃ ရက်၊ ၄ ရက်တို့တွင် ည ၆ နာရီမှစတင်၍ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD Education, Knowledge & Sports Channel၊ Channel Light Channel၊ Reader's Channel၊ MNTV၊ Channel 9၊ Skynet တိုင်းရင်းသား၊ MyanmarArts Channelနှင့် Media N Channel တို့တွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MWD HD Channel မှ ည ၆ နာရီမှ ၈ နာရီ သတင်းမတိုင်မီထိ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အစီရင်ခံတင်ပြအပ်ပါသည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်သည် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၀) ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိနေခြင်းကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်နှင့် မြန်မာ-ထိုင်း နယ်နိမိတ်နယ်စပ်ဒေသတို့တွင်ဖြစ်ပေါ်နေသော Online လိမ်ညာမှု၊ လောင်းကစားမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်နှင့် တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရိကာဆာများနှင့် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံသတ္တမအကြိမ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေး ဆောင်ရွက်နိုင်ရေး၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ လန်ချန်း-မဲခေါင် အကူအညီပေးရေးအစီအစဉ်မှ အခြေခံအဆောက်အအုံများ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ နည်းပညာအသုံးပြုမှုများနှင့် လေ့ကျင့်သင်တန်းပေးမှုများတွင် တိုးမြှင့်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ရေးကိစ္စရပ်များ၊မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁)ရဲဗိုလ်ချုပ်အောင်အောင်နှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ်အောင်ငွေးမြင့်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင် အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co., Ltd က အလုပ်သမားများအလုပ်ထုတ်ခံရမှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင် အူထိုင်းမြို့နယ်ရှိ Pioneer Manufacturing (Thailand) Co., Ltd မှ အလုပ်သမားများအလုပ်ထုတ်ခံရမှုသတင်းဖော်ပြမှုနှင့်ပတ်သက်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် မှန်ကန်မှုရှိ၊ မရှိစိစစ်၍ အလုပ်သမားများ၏ ရပိုင်ခွင့်များ ရရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၂၄-၅-၂၀၂၃ရက်နေ့ VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌"ထိုင်းနိုင်ငံ အယုဒ္ဓယအူထိုင်းမြို့နယ်တွင် မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်း Pioneer Manufacturing(Thailand) Co., Ltd ကကြေညာပြီး နစ်နာကြေးအဖြစ် စုစုပေါင်းဘတ် ၉၇ သန်းနီးပါးပေးခဲ့ပေမယ့် ထိုင်းအလုပ်သမားဝန်ကြီး မစ္စတာဆူချတ်ချမ်ကလင်က ဒါဟာလုပ်ထုံးလုပ်နည်းနှင့် ညီမညီစစ်ဆေးရန်နှင့် အလုပ်လက်မဲ့ဖြစ်နေသူများအတွက် လူမှုဖူလုံရေးခံစားခွင့်ရရှိရန်အတွက် နယ်မြေတာဝန်ရှိသူတွေကို ကူညီဖို့ညွှန်ကြားထားကြောင်း" သတင်းဖော်ပြခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိရုံးမှ ထိုင်းအလုပ်အကိုင်ဌာနနှင့် အယုဒ္ဓယနယ်မြေ အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးရုံးတို့ထံ ဆက်သွယ်စုံစမ်းခဲ့ရာ အောက်ပါအတိုင်းစုံစမ်းသိရှိရသည်-

(က) Pioneer Manufacturing (Thailand) Co.,Ltd သည် ကားအတွင်းပိုင်း အသံပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းအပိုထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပြီး လုပ်သားဦးရေ ၁၅၄၉ ဦးဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း၊

(ခ) စက်ရုံ၌ အမှာစာကျဆင်းမှုကြောင့် အလုပ်သမား၄၁၆ဦးကို ၁၉-၅-၂၀၂၃ ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့ပါကြောင်းနှင့် အလုပ်မှရပ်စဲခံရသည့် အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများပါဝင်ခြင်းမရှိဘဲ ထိုင်းအလုပ်သမားများသာဖြစ်ပါကြောင်း၊

အထက်ပါစုံစမ်းသိရှိမှုနှင့်စပ်လျဉ်း၍ တိကျမှန်ကန်စေရေးအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမား သံအရာရှိရုံးမှ အလုပ်သမားသံအရာရှိသည် ၂၆-၅-၂၀၂၃ ရက်နေ့တွင် အယုဒ္ဓယခရိုင် အလုပ်အကိုင်ဌာန အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အဆိုပါ Pioneer Manufacturing (Thailand) Co., Ltd က အမှာစာကျဆင်းမှုကြောင့် အလုပ်ရပ်စဲခဲ့သည့်အလုပ်သမား ၄၁၆ ဦးတွင် မြန်မာအလုပ်သမားများမပါဝင်ပါကြောင်းနှင့် စက်ရုံတွင် မြန်မာအလုပ်သမားများ လုပ်ကိုင်နေခြင်းမရှိပါကြောင်း၊ ဂျပန်လူမျိုးအလုပ်သမားခေါင်းဆောင်များနှင့် ထိုင်းအလုပ်သမားများသာစက်ရုံ၌ လုပ်ကိုင်လျက်ရှိပါကြောင်း၊ အလုပ်ရပ်စဲသည့် ထိုင်းအလုပ်သမားများအတွက် အလုပ်သမားဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ VOA Burmese Facebook လူမှုကွန်ရက်စာမျက်နှာ၌ Pioneer Manufacturing (Thailand) Co., Ltd က မြန်မာအလုပ်သမား ၄၁၁ ဦးကို အလုပ်ထုတ်ပယ်ကြောင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြထားမှုသည် မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၃၁-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဧမိန် | ပဲဆီ | ရေွှတ်ကြော် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံကြော် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၁၂၃၀၀ | ၁၃၈၀၀ | ၂၈၀၀ | ၅၀၀၀-၅၆၀၀ | ၁၄၀၀ | ၈၉၀၀ | ၁၆၀၀၀-၁၇၂၀၀ | ၉၇၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၅၂၀၀ | ၃၀၀၀ | - | ၁၂၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၇၀၀၀-၇၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | မြစ်ကြီးနား | ၄၇၀၀ | - | - | ၁၃၀၀၀-၁၅၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၆၀၀၀-၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၇၅၀၀ | ၂၉၀၀၀ | ၃၀၀ | ၄၀၀ |
| ၅ | အင်း | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀-၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၄၀၀ |
| ၆ | မုံရွာ | ၄၂၀၀ | ၂၅၀၀ | ၁၉၀၀ | ၁၂၅၀၀-၁၃၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၂၀၀ | ၅၅၀၀-၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၆၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | ကျိုင်းတုံ | ၅၃၀၀ | ၄၃၀၀ | ၃၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၄၅၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | - | ၂၀၀၀၀-၂၃၀၀၀ | ၂၈၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၃၀ ရက်တွင် ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ ပြည်နယ်အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အဖွင့်အမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်တို့က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှအေးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆုံးရှုံးမှုတန်ဖိုးအား နောက်ဆုံးစာရင်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ကျောက်ဖြူမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးစာရင်းနှင့် လုပ်ဆောင်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အချိန်မီတင်ပြသွားရန်လိုကြောင်း မှာကြားခဲ့သည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန၏ဂိုဒေါင်၌ ထောက်ပံ့ပစ္စည်းများရောက်ရှိ သိုလှောင်ထားရှိမှုအခြေအနေများ၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ပညာရေးအဆောက်အအုံများ၊လူနေအိမ်အဆောက်အအုံများ၊ ကျွဲ၊ နွားသေဆုံးမှုစာရင်းများ၊ ကယ်ဆယ်ရေးပစ္စည်း ရောက်ရှိဖြန့်ဝေမှုအခြေအနေများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတွက်ချက်ရေးကော်မတီ (အင်ဂျင်နီယာအဖွဲ့)၏ တွက်ချက်တင်ပြမှုစာရင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

အလားတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ခင်မောင်အေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မတူပီမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ မြောက်ဦးခရိုင် မြေပုံမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးအဖွဲ့နှင့် အလှူရှင်များထောက်ပံ့သည့် စားရေရိက္ခာပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ ခွဲဝေထောက်ပံ့ပေးမှုနှင့် ဖြန့်ဝေမှုများကို ပြည်သူများလက်ဝယ်သို့ မြန်ဆန်စွာရောက်ရှိရေးရှင်းလင်းဆွေးနွေးပြီး လေဘေးသင့်ပြည်သူများအတွက် Family Kit ဘူး ၁၅၀ နှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့ရှိ မုန်တိုင်းသင့်ပြည်သူများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မေ ၃၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများနှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများထံသို့ တာဝန်ရှိသူများက ယနေ့တွင် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)နှင့် အလှူရှင်များက စုပေါင်းလှူဒါန်းမှုဖြင့် ချက်ပြုတ်ပေးပို့လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်လှူဒါန်းနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။ ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြောက်ဦးမြို့ရှိ လူစည်ကားရာနေရာများ၌ ဒေသခံပြည်သူများကို ဒံပေါက်ထမင်းဘူးများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဒေသခံပြည်သူများကို ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်းစဉ်။

ထို့ပြင် ချက်ပြုတ်ပြင်ဆင်ပေးပို့လှူဒါန်းလျက်ရှိသည့်နေရာများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ပြင်ဆင်ထုပ်ပိုးရေး၊ ဆန်၊ ကုန်ခြောက်နှင့် ကုန်စိမ်းသီးနှံများ စနစ်တကျသိုလှောင်ထားရှိမှုများ၊ သောက်သုံးရေအဆင်ပြေစေရန်နှင့် လိုအပ်သည့် စားကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးရန်အတွက် စစ်တွေတပ်နယ်မှ မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၃၁**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာကမ်းထိုးရေယာဉ်တစ်စီးသည် ရေသန့်ကတ် ၄၀၀၊ ရိက္ခာထုပ် ၅၀၀၊ ဒီဇယ် ကိုးလုံး၊ ဓာတ်ဆီလေးလုံး၊ တာပေါ်လင် ၁၀×၃၀ ချပ် ၁၆၀၊ ပစ္စည်း ၁၄ မျိုးပါ ကော်ပုံး ၂၄ ပုံး၊ ပစ္စည်းနှစ်မျိုးပါ ဆာလာအိတ် ၂၄ အိတ်၊ လီတာ ၂၀ ရေသန့်ဘူး ၂၄ ဘူး၊ ကြိုးခွေ ၁၀ ခွေ၊ 2D 104 ဘူး၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ချိန်းဆော၊ ရဲဒင်း၊ ဂေါ်ပြား၊ ဓား စသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးပစ္စည်းပုံး သုံးပုံး၊ drip ဘူးပါ ဆာလာအိတ်နှစ်အိတ်၊ ဆေးပေါင်းစုံတစ်ဖာ၊ မိုးကာလိပ် ၂၀၊ ဖော့ဘူး ၆၀၀၊ ဆန် ၁၉၁ အိတ်၊ ဝေဖာဘီစကွတ် ၁၅ ဖာ၊ သွားတိုက်ဆေး ၉၇ ဖာ၊ ဆီသွတ်ဘူးခြောက်ဘူး၊ ကြက်ဥအလုံး ၁၀၀၀၊ မိုးကာစ သုံးထုပ်၊ ဖိနပ်အထုပ်ကြီး သုံးထုပ်စုစုပေါင်း ကုန်တန်ချိန် ၃၄ တန်တို့ကို ရေချမ်းပြင်ကမ်းထိုးရပ်၌ တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါစစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့်ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဖိလစ်ပိုင်နိုင်ငံ အင်တာနက်မှ ငွေကြေးလိမ်လည်မှုများတွင် ဝင်ရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများကို ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့

**နေပြည်တော် မေ ၃၁**

ဖိလစ်ပိုင်နိုင်ငံ ပမ်ပန်ဂါပြည်နယ် မာဘာလာကတ်မြို့ရှိ Clark Sun Valley Hub တွင် ပြုလုပ်ခဲ့သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ဖိလစ်ပိုင်ရဲအဖွဲ့မှ စစ်ဆင်ရေးပြုလုပ်ကာ ကယ်ထုတ်ခဲ့ရာတွင် နိုင်ငံပေါင်းစုံမှ နိုင်ငံသားဦးရေ ၁၀၉၀ ခန့်တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံသားလူငယ်များ ၃၉ ဦးပါဝင်ခဲ့သည့်သတင်းကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်စာဖြင့် မြန်မာသံရုံးသို့ ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် အကြောင်းကြားခဲ့သည်။

အထက်ပါ မြန်မာနိုင်ငံသားများပါဝင်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံရှိ မြန်မာသံရုံးယာယီတာဝန်ခံနှင့် ကောင်စစ်အရာရှိတို့က သွားရောက်တွေ့ဆုံခဲ့ရာ အင်တာနက်ငွေကြေးလိမ်လည်မှု (Online Scam) တွင် လူကုန်ကူးခံရ၍ ကယ်တင်ခံထားရသည့် မြန်မာနိုင်ငံသား ၃၉ ဦးနှင့် တွေ့ဆုံစိစစ်မေးမြန်းခြင်းများ ပြုလုပ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသား ၃၉ ဦးအနက် ပထမအသုတ်အဖြစ် ဦးရေ၂၀ သည် မြန်မာနိုင်ငံသံရုံး၏ စီစဉ်ပေးမှုဖြင့် ၂၀၂၃ ခုနှစ် မေ ၂၈ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများကကြိုဆို၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်မှုနှင့် လူကုန်ကူးခံရသည့် အခြေအနေများကို စိစစ်မေးမြန်း၍ သိရှိရသည်မှာ -

(က) ပထမအသုတ် ရောက်ရှိလာသူဦးရေ ၂၀တွင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ၁၅ ဦးတို့ဖြစ်ပြီး ၎င်းတို့အားလုံးသည် အသက် ၂၂ နှစ်မှ ၃၃ နှစ်ကြားရှိ လူငယ်များဖြစ်ကြောင်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်စွာ တတ်မြောက်သူများဖြစ်ကြောင်း

(ခ) အဆိုပါ မြန်မာလူငယ် ဦးရေ ၂၀ သည် Facebook တွင် ကြော်ငြာထားသည့် Leap Group Co., Ltd. နှင့် Colorful Group Co.,Ltd. တို့၏ Website မှ တစ်လလျှင် လစာပီဆို ၃၀၀၀၀ မှ ၇၀၀၀၀ ထိ လည်းကောင်း၊ တရုတ်ယွမ်ငွေ ၄၀၀၀ မှ ၈၀၀၀ ထိလည်းကောင်း၊ အရည်အချင်းအပေါ် မူတည်၍ ရရှိမည်ဟု အလုပ်ခေါ်ယူသည့် ကြော်ငြာစာများတွေ့ရှိသဖြင့် Online မှ လျှောက်ထားခဲ့ကြောင်း၊ Online Interview ဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုကို စစ်ဆေးခံရပြီး အောင်မြင်သဖြင့် အလုပ်ခေါ်စာနှင့် လေယာဉ်လက်မှတ်ကို Online မှပေးပို့သဖြင့် ရရှိခဲ့ကြကြောင်း၊

(ဂ) ၎င်းတို့ရရှိသည့် လေယာဉ်လက်မှတ်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ရာ လေဆိပ်တွင် အမည်မသိသူများမှ လာရောက်ကြိုဆိုပြီး Clark Angeles မြို့ရှိ ကုမ္ပဏီရုံးဝင်းသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီဝင်းတွင် စားသောက်ရန်နှင့် နေထိုင်ရန် နေရာပေးထားကြောင်း၊ ၂၊ ၃ ရက်ခန့် စမတ်ဖုန်းနှင့် ကွန်ပျူတာတို့မှ Online အသုံးပြုလိမ်လည်သည့် နည်းလမ်းများကို သင်ကြားပေးကြောင်း၊

(ဃ) ထို့နောက် ကွန်ပျူတာနှင့် စမတ်ဖုန်းများအသုံးပြုကာ အင်တာနက်မှ ဆက်သွယ်ရှာဖွေ၍ ချိတ်ဆက်လာသူများကို ဆွဲဆောင်စည်းရုံး၍ လောင်းကစားပြုလုပ်ရန်နှင့် ငွေကြေးလိမ်လည်သည့် နည်းစနစ်များအတိုင်း အလုပ်လုပ်ရကြောင်း၊ အလုပ်ချိန်မှာ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီထိ ၁၂ နာရီ လုပ်ကိုင်ရကြောင်း၊ Online မှ လိမ်လည်စည်းရုံးခေါ်ယူသည့် လူမရလျှင် အချိန်ပို နှစ်နာရီမှ သုံးနာရီထိ နေ့စဉ် ထပ်မံအလုပ်ဆင်းရကြောင်း၊

(င) လုပ်ခလစာကို ပထမလတွင် သတ်မှတ်ထားသည့်အတိုင်း ရှင်းပေးသော်လည်း နောက်လများတွင် သတ်မှတ်ထားသည့် စည်းကမ်းများ မလိုက်နာခြင်း၊ အလုပ်တာဝန် ပျက်ကွက်ခြင်း၊ Online လိမ်လည်သည့် အလုပ်မှ လူမရခြင်းတို့အပေါ် မူတည်၍ ငွေကြေးဖြတ်တောက်မှုများပြုလုပ်ကြောင်း၊ အချို့မှာ လစာလုံးဝမရရှိကြောင်း၊

(စ) ၎င်းတို့ကုမ္ပဏီတွင် Online လိမ်လည်သည့်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်နေသူ ဦးရေ ၁၀၀၀ ကျော်ခန့်ရှိကြောင်း၊ ရက်သတ္တတစ်ပတ်လျှင် တစ်ရက်သာ အလုပ်နားခွင့်ပေးပြီးအပြင်ထွက်လိုလျှင် ကြိုတင်တင်ပြရပြီး ခွင့်ပြုမှ သွားလာခွင့်ရှိကြောင်း၊

(ဆ) နေ့စဉ် နိုင်ငံတကာမှ အင်တာနက်မှ ဆက်သွယ်လာသည့် အလုပ်အကိုင်ရှာဖွေသူများ၊ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများနှင့် အခြား စီးပွားရေးကိစ္စများတွင် ဆွဲဆောင်စည်းရုံး၍ လိမ်ညာပြီး ငွေကြေးရယူခြင်း၊ ဘဏ်အကောင့်များမှ လိမ်လည်လွှဲပြောင်းရယူခြင်းတို့ကို ဆောင်ရွက်ရကြောင်း

အထက်ဖော်ပြပါ Online မှ ငွေကြေးလိမ်လည်ရယူမှုများကို အာရှဒေသရှိ နိုင်ငံအများစုတွင် ကျူးလွန်လျက်ရှိကြောင်း၊ Facebook, Twitter, Instragram တို့တွင် ကုမ္ပဏီကြီးများ ဟန်ဆောင်၍ ကြော်ငြာများဖြင့် လစာကောင်းကောင်းပေးမည်ဟု ဆွဲဆောင်ကာ လူသစ်များခေါ်ယူခြင်း၊ လုပ်ငန်းခွင်သို့ ရောက်ရှိသည့်အခါ သတ်မှတ်လစာနှုန်းထားမပေးတော့ဘဲ တစ်ရက်လျှင် ၁၄ နာရီခန့် အလုပ်စေခိုင်းပြီး အကျပ်ကိုင်ခြိမ်းခြောက်မှုများပြုလုပ်ကြောင်း၊ ဘဏ်ကတ်နှင့် ဘဏ်အကောင့်များမှ လိမ်လည်၍ ငွေထုတ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် မိဘပြည်သူများအနေဖြင့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအား သိရှိခြင်းမရှိဘဲ ဆက်သွယ်လာမှုများကို ယုံကြည်မှုမရှိကြရန်နှင့် အမျိုးသမီးငယ်များအနေဖြင့် အလုပ်လျှောက်ထားရာတွင် အလုပ်ခေါ်ယူသည့် ကုမ္ပဏီများနှင့်ပတ်သက်၍ မှန်ကန်မှု၊ ခိုင်မာမှု ရှိ၊ မရှိကို နားလည်တတ်ကျွမ်းသူများ၊ အတွေ့အကြုံရှိသူများထံ မေးမြန်းစိစစ်ပြီး သေချာမှ သွားရောက်လုပ်ကိုင်သင့်သည်။ ကုမ္ပဏီအတုအယောင်များဖြင့် Online လိမ်လည်သည့် လုပ်ငန်းများစွာရှိနေသဖြင့် အဆိုပါ Online လိမ်လည်မှုများတွင် ဖမ်းဆီးခံရပါက သက်ဆိုင်ရာနိုင်ငံ၏ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားရုံးပြစ်ဒဏ်ချမှတ်ခြင်းများ ခံရမည်ဖြစ်သည်။

ယခု ဖိလစ်ပိုင်နိုင်ငံမှ စစ်ဆင်ရေးပြုလုပ်၍ ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံသားလူငယ် ၃၉ ဦးတို့သည် မြန်မာနိုင်ငံသံရုံးနှင့် တာဝန်ရှိသူများ၏ အချိန်မီသိရှိဆက်သွယ် ဆောင်ရွက်ပေးနိုင်မှုကြောင့် အရေးယူခြင်းမခံရဘဲ လုံခြုံစိတ်ချစွာ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ပါ၍ ပြည်ပနိုင်ငံများတွင် Online မှ အလုပ်လျှောက်ထားလုပ်ကိုင်မည့် မြန်မာနိုင်ငံသားလူငယ်များနှင့် မိဘပြည်သူများအနေဖြင့် ကုမ္ပဏီအတုအယောင်များနှင့် ဥပဒေနှင့်မညီသော လိမ်ညာမှုလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ခြင်းမရှိစေရေး အထူးသတိပြုဆောင်ရွက်ကြရန် အသိပေး၊ သတိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## ရန်ကင်းမြို့နယ်နေ သရုပ်ဆောင်နှင့်အဆိုတော် ဒေါ်လီလီနိုင်ကျော်ကို PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် စိုးရိမ်ရဒဏ်ရာများရရှိ

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် (၂)ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော် အသက် ၅၈ နှစ် သရုပ်ဆောင်၊ အဆိုတော်သည် မေ ၃၀ ရက် ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ပြန်လာစဉ် နေအိမ်တိုက်ခန်းရှေ့အရောက်၌ လမ်းလျှောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အမျိုးသား တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်းနှင့် ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်မှုအပေါ် ထောက်ခံအားပေးခြင်းမရှိသည့် ရဟန်းသံဃာများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အထက်ပါဖြစ်စဉ်၌ ဒဏ်ရာရရှိခဲ့သူ ဒေါ်လီလီနိုင်ကျော်သည် အေးချမ်းစွာ အနုပညာလုပ်ငန်းများကို လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် အကြောင်းပြချက်ဖြင့် ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦးအပေါ် အကြောင်းမဲ့ လူမဆန်စွာ သေနတ်ဖြင့် လာရောက်ပစ်ခတ် အကြမ်းဖက်ခဲ့ခြင်းသည် ယုတ်မာရက်စက်သော သူရဲဘောကြောင်သည့် လုပ်ရပ်ပင်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှု ကျူးလွန်ခဲ့သူနှင့် စေခိုင်းသူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ကျော်ကျော်ဝင့်(ခ)စိုးနိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Soe Naing Win" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ် (၂) ရပ်ကွက်နေ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော် အသက် ၅၈ နှစ် သရုပ်ဆောင်/အဆိုတော်သည် မေ ၃၀ ရက် ည ၇ နာရီခန့်တွင်မော်တော်ယာဉ်ဖြင့်အပြင်မှနေအိမ်သို့ပြန်လာစဉ်နေအိမ်တိုက်ခန်းရှေ့အရောက်၌ PDF အမည်ခံ အကြမ်းဖက် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေါ်လီလီနိုင်ကျော်တွင် ယာနားထင်ကျည်ထိမှန်ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အပြစ်မဲ့အမျိုးသမီးတစ်ဦးကို အပြင်းအထန်ဒဏ်ရာရရှိသည်အထိ လူမဆန်စွာ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ UNITED ပရဟိတအသင်း၊ ဘုရားသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၃ ရက်

၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ဒေါ်လီလီနိုင်ကျော်(တေးသံရှင်) ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက်နေထိုင်သူကို မေလ ၃၀ ရက်နေ့ ည ၇ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NUG၊ CRPH၊ NLD လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့် မသက်ဆိုင်သော ပြည်သူများကို ပစ်မှတ်ထား၍ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ NUG ၊ CRPH တို့မှ အခကြေးငွေပေး၍ လုပ်ကြံစေခိုင်းခြင်းနှင့် လူသားမဆန်သော စစ်ရာဇဝတ်မှုကျူးလွန်ခြင်း လုပ်ရပ်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

Myanmar Interfaith Dialogue Group

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်

၂၀၂၄ ခုနှစ် မေလ(၃၁)ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့တွင် ကလေးများကို ၃၈ ဖြာမင်္ဂလာ သင်တန်းပို့ချပြီး အပြင်မှ ၎င်းနေထိုင်ရာတိုက်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်း၏အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း သိရှိရသည်။

၂။ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်သည့် အရပ်သားပြည်သူလူထုကို လက်နက်ကိုင်ဆောင်၍ ရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)

အလုပ်အမှုဆောင်အဖွဲ့

ALL MYANMAR HINDU CENTRAL COUNCIL

No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)

No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

(၃၁-၅-၂၀၂၄)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

PINNAYGONE YAKHINE JAAME MOSQUE

No 1, 130th Street, Mingala Taungnyunt Township, Yangon, Myanmar, Tel: 01 - 201122

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၃၁-၅-၂၀၂၄)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

### သဘောထားထုတ်ပြန်ချက် (၄/၂၀၂၃)

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့

၁။ ယခုမျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသော ပြည်လုံးကျွတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပြီး ဒီမိုကရေစီနည်းကျ အနိုင်ရရှိသည့် ပါတီကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေချိန်ဖြစ်ပါသည်။

၂။ ထိုသို့ဆောင်ရွက်နေမှုများကို ဒီမိုကရေစီလိုလားသည့် တည်ငြိမ်အေးချမ်းမှုကို မြတ်နိုးတန်ဖိုးထားသည့် ပြည်သူများကလည်း လိုလိုလားလား ထောက်ခံအားပေးကူညီမှုများ ပြုလုပ်နေသည်ကို တွေ့မြင်နေရပါသည်။

၃။ ယင်းအခြေအနေများကို မနှစ်မြို့ဘဲ ဒီမိုကရေစီလမ်းကြောင်းကို မလိုလားသည့် အကြမ်းဖက်အဖွဲ့အစည်းများက ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ကူညီထောက်ခံအားပေးနေသည့် ပြည်သူများအား အကြောင်းမဲ့ လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်မှုများ မကြာခဏ ပြုလုပ်နေမှုများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်။

၄။ စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်နေသည့် အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

### သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉:၀၀ နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏

### သဘောထားထုတ်ပြန်ချက်

### ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ည ၁၉:၀၀ နာရီအချိန်ခန့် က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်လီလီနိုင်ကျော်အား အကြမ်းဖက်သမားများက ပြင်းထန်စွာ ဒဏ်ရာရရှိသည်အထိ ယုတ်မာရက်စက်စွာ လုပ်ကြံခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ သွားလာလှုပ်ရှားနေမှုများကို ထိတ်လန့်ကြောက်ရွံ့စေရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မျိုးချစ်ပြည်သူများအား အားပေးထောက်ခံခြင်း မပြုလုပ်နိုင်စေရေးနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

မေလ (၃၀)ရက်နေ့ ည(၇)နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ အဆိုတော် ဒေါ်လီလီနိုင်စိုး(ခ)ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အနေဖြင့် လွန်စွာစိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်လုပ်ရပ်များအား လက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး

### အကြမ်းဖက်လုပ်ဆောင်မှုများကို

### ကန့်ကွက်ရှုတ်ချကြောင်း

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုချမှတ်ကာ နိုင်ငံတော်နှင့်ပြည်သူ၏အကျိုးကို စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိပါသည်။

၂။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထုအလွှာအသီးသီးမှ အသိပညာရှင်များ၊ အတတ်ပညာရှင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြပါမှ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် အကြမ်းဖက်သမားများနှင့် မသမာသူအချို့က နိုင်ငံတော်ကို ဝိုင်းဝန်းကူညီနေကြသော စစ်ရေးနှင့်မသက်ဆိုင်သူများကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံပစ်ခတ်ခံရမှုကြောင့် သေဆုံးမှုနှင့် ပြင်းထန်စွာဒဏ်ရာရရှိမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

UNITED ပရဟိတအသင်း

Penthouse Level, 351, 354, Kan Taung Quarter, Theinphyu Road, Mingalartaung Nyunt Tsp., Yangon. Tel : 09-945155855

## UNITED ပရဟိတအသင်း သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ UNITED ပရဟိတအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

UNITED ပရဟိတအသင်း

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

### (၃၁ - ၅ - ၂၀၂၃)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် မေလ ၃၀ ရက်နေ့ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ ပြန်လာစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁ ဦးက ၎င်း၏ အိမ်ရှေ့၌ စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အေးချမ်းစွာ လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ စသည့် အကြမ်းဖက်လုပ်ရပ်များကို မိမိတို့ **ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ** လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း

# ဩစတြေးလျနိုင်ငံ မောဆန်ပိဒ်မီးတောင်ပေါက်ကွဲပြီး ချော်ရည်ငွေ့များပေါက်ထွက်မှုဖြစ်ပွား



**ကင်ဘာရာ မေ ၃၁**

ဩစတြေးလျနိုင်ငံ ဟက်ကျွန်းတွင်တည်ရှိသည့် ဘစ်ဘင်ဟုလူသိများသော မောဆန်ပိဒ်မီးတောင်သည် မေ ၂၉ ရက်က ပေါက်ကွဲခဲ့ပြီး မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ ပေါက်ထွက်မှုဖြစ်ပွားနေကြောင်း ယူရိုပီယံအာကာသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု The West သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မောဆန်ပိဒ်မီးတောင်သည် ဩစတြေးလျနိုင်ငံတွင်ရှိသော မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုနှုန်းအမြင့်မားဆုံးသောမီးတောင်ဖြစ်သော်လည်း လူနေရပ်ကွက်ဖြင့်ဝေးကွာသည့်နေရာတွင် တည်ရှိသည့်မီးတောင်ဖြစ်ပြီး အနောက်ဩစတြေးလျပြည်နယ် အနောက်တောင်ဘက်ပိုင်းကီလိုမီတာ ၄၀၀၀ အကွာတွင်တည်ရှိကာ လူသူအရောက်အပေါက် နည်းသည့်ဒေသတွင် တည်ရှိကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ကို ယူရိုပီယံအာကာသအေဂျင်စီ၏ ကောင်းကင်ဓာတ်ပုံမှတ်တမ်းများအရသိရပြီး ချော်ရည်ငွေ့များသည် လူနေရပ်ကွက်များထိ ပျံ့နှံ့ရောက်ရှိလာဖွယ်မရှိကြောင်း၊ ဩစတြေးလျအခြေစိုက် Weather Zone အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ မောဆန်ပိဒ်မီးတောင်သည် ပြီးခဲ့သော မေ ၂၅ ရက်ကတည်းက မီးတောင်ပေါက်ကွဲမည့် လက္ခဏာများ စတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားကာ မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ ပေါက်ထွက်ခဲ့သော်လည်း မီးတောင်ပေါက်ကွဲမှုသည် အသေးစားပေါက်ကွဲမှုသာဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းမှာ မေ ၂၈ ရက်ညက ပြင်းအား ၃ ဒသမ ၈ မဂ္ဂနီကျူးရှိသည့် မီးတောင်လှုပ်ရှားမှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း Weather Zone အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ကမ္ဘာပေါ်တွင် ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ပဲရစ်မြို့တွင် ကုလသမဂ္ဂအစည်းအဝေးကျင်းပ

**ပဲရစ် မေ ၃၁**

ကမ္ဘာပေါ်တွင် ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးအတွက် ကုလသမဂ္ဂအစည်းအဝေးတစ်ရပ်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိကြောင်း Vatican News သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြထားသည်။

ရုပ်ကြွင်းလောင်စာ အခြေခံသော ပလတ်စတစ်ထုတ်လုပ်မှုလုပ်ငန်းများကိုတားဆီးရန် ဖိအားများတိုးလာသောကြောင့် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ရန် ကမ္ဘာလုံးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ရေး ပဲရစ်မြို့တွင် ကုလသမဂ္ဂအစည်းအဝေးတစ်ရပ်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သောနှစ်က နိုင်ငံပေါင်း ၁၇၅ နိုင်ငံမှ ရုပ်ကြွင်းလောင်စာအခြေခံပလတ်စတစ်များညစ်ညမ်းမှု အဆုံးသတ်ရေးနှင့်ပတ်သက်၍ အစည်းအဝေးငါးကြိမ် ပြုလုပ်ကာ ဆုံးဖြတ်ချက်ရယူပြီး ၂၀၂၄ ခုနှစ်အတွင်း အပြီးသတ်ရန်စီစဉ်ထားရာ ယခုအစည်းအဝေးသည် ကုလသမဂ္ဂ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

သို့သော် စာချုပ်ညှိနှိုင်းရန် အချိန်ဇယားမှာ လုံလောက်မှုမရှိကြောင်း ကျွမ်းကျင်သူတချို့က ဆိုထားပြီး တတိယအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ရမည့် ကနဦးသဘောတူညီချက်တစ်ရပ်ကို ယခုအစည်းအဝေးတွင် အပြီးသတ်ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအဆိုပြုထားသောအစီအမံများတွင် တစ်ကမ္ဘာလုံး တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှုကို ကန့်သတ်တားမြစ်ခြင်း၊ ပလတ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်းများကို တားမြစ်ခြင်း၊ ပလတ်စတစ်ညစ်ညမ်းစေသူများကို ဒဏ်ငွေပေးဆောင်စေခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ကျော်ထုတ်လုပ်သုံးစွဲလျက်ရှိပြီး လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း နှစ်ဆ၊ ၂၀၅၀ ပြည့်နှစ်တွင် သုံးဆတိုးလာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Green Peace အဖွဲ့ကြီးက သတိပေးထားကြောင်း သိရသည်။ AZH



# တရုတ်နိုင်ငံတွင်ဖြစ်ပေါ်သော အဆိုးရွားဆုံးသဲမုန်တိုင်းများ မွန်ဂိုလီးယားနိုင်ငံမှ ဝင်ရောက်လာခြင်းဖြစ်

**ပေကျင်း မေ ၃၁**

တရုတ်နိုင်ငံ မြောက်ပိုင်းတွင် ငါးနှစ်အတွင်း အဆိုးရွားဆုံးသဲမုန်တိုင်းများသည် မွန်ဂိုလီးယားနိုင်ငံဘက်မှ အဓိကဝင်ရောက်လာခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ မေ ၂၉ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ CNA News သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းတွင် နွေဦးရာသီကာလ သဲမုန်တိုင်းများ မကြာခဏ တိုက်ခတ်လေ့ရှိပြီး သစ်တောပြုန်းတီးမှုနှင့် ဒေသတွင်း အပူချိန် မြင့်တက်မှုများကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ တရုတ်နိုင်ငံမြောက်ပိုင်းတွင် ငါးနှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သော သဲမုန်တိုင်းများသည် မွန်ဂိုလီးယားနိုင်ငံဘက်မှ အဓိကဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါသဲမုန်တိုင်းကြောင့် ဖုန်မှုန့်များသည် ပေကျင်းမြို့တွင် လေထုညစ်ညမ်းမှုဖြစ်စေသော အမှုန်အမွှားများတွင် ၇၀ ရာခိုင်နှုန်းထိ ပါဝင်လျက်ရှိကြောင်း သိရသည်။

"တရုတ်နိုင်ငံ မြောက်ပိုင်းမှာ နွေဦးဆိုရင် သဲမုန်တိုင်းတွေဝင်ရောက်လေ့ရှိပြီး အများစုကတော့ မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်းက ဂိုဘီသဲကန္တာရနဲ့ ကျွန်တော်တို့နိုင်ငံထဲက သဲအရင်းအမြစ်တွေကြောင့်ဖြစ်ပါတယ်။ သဲမုန်တိုင်းဒဏ်ခံနေရတဲ့မြို့တွေကို ကာကွယ်ဖို့ သစ်ပင်တံတိုင်းတွေအဖြစ် သစ်တောတွေ စိုက်ပျိုးကာရံဆောင်ရွက်နေပါတယ်"ဟု တရုတ်နိုင်ငံ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန စောင့်ကြည့်ရေးရုံးမှ ဒုတိယအကြီးအကဲ Jiang Huohua က ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမလေးလပတ်ကာလအတွင်း ကြီးမားသော သဲမုန်တိုင်းနှင့်ဖုန်မှုန့်မုန်တိုင်း ၁၂ ခုထိ ကြုံတွေ့ခဲ့ရပြီး ငါးနှစ်တာကာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၂၇ ခုရှိ မြို့ကြီး ၂၆၇ မြို့တွင် ရက်ပေါင်း ၄၈၀၀ ကျော် သဲမုန်တိုင်းဒဏ်ကို ခံစားခဲ့ရကြောင်း တရုတ်နိုင်ငံ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန စောင့်ကြည့်ရေးရုံးမှ ဒုတိယအကြီးအကဲ Jiang Huohua က ဆက်လက်ပြောကြားသည်။ AZH

# ကနေဒါနိုင်ငံ ဟာလီဖက်မြို့ကို တောမီးလောင်ကျွမ်းမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**အော့တာဝါ မေ ၃၁**

ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ်ရှိ ဟာလီဖက်မြို့အနီးတွင် လောင်ကျွမ်းနေသည့် တောမီးသည် မေ ၂၉ ရက်က နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့ပြီး ဟာလီဖက်မြို့ကို တောမီးကူးစက်လောင်ကျွမ်းမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း နိုဗာစကော့တီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံများ ဘေးလွတ်ရာအရေးပေါ်ရွှေ့ပြောင်းနေရပြီး လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်လည်း ရင်ဆိုင်နေရကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဟာလီဖက်မြို့ရှိ စာသင်ကျောင်းများကို ယာယီပိတ်ထားရန် ဆုံးဖြတ်လိုက်ကြောင်း၊ လေတိုက်နှုန်းမြင့်တက်လာသည့်အတွက် တောမီးသည် နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့ပြီး နေအိမ်အမြောက်အမြားပျက်စီးလျက်ရှိကြောင်း နိုဗာစကော့တီယာပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ဟာလီဖက်မြို့မှာ တောမီးကူးစက်လောင်ကျွမ်းမှုနဲ့ ရင်ဆိုင်နေရပါတယ်။ ရာသီဥတုအခြေအနေကြောင့် တောမီးကိုထိန်းချုပ်နိုင်ဖို့ ခက်ခဲနေပါတယ်။ နေအိမ်တော်တော်များများ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးကြောင့် ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းနေကြရပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေပြီး စာသင်ကျောင်းတွေကို ယာယီပိတ်ထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လေကြောင်းအကူအညီရယူနေပြီး မီးသတ်တပ်ဖွဲ့ဝင် အင်အားကိုလဲ တိုးမြှင့်ထားပါတယ်"ဟု နိုဗာစကော့တီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ကနေဒါအနောက်ဘက်ပိုင်းပြည်နယ်များတွင်ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ကနေဒါအနောက်ဘက်ပိုင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များကို ယာယီပိတ်ထားရကြောင်း သိရသည်။ **ခိုင်းဆက်**

# ရှန်ဟိုင်းမြို့တွင် ရာစုနှစ်အတွင်း အမြင့်ဆုံးအပူချိန်သို့ ရောက်ရှိ

**ပေကျင်း မေ ၃၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ယခုလအတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး ရာစုနှစ်အတွင်း အမြင့်ဆုံးအပူချိန်ပမာဏသို့ ရောက်ရှိခဲ့ကြောင်း ရှန်ဟိုင်းမိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်ဟု Asia One သတင်းဌာနက မေ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရှန်ဟိုင်းမြို့တွင် မေလအတွင်း အမြင့်ဆုံး အပူချိန်ပမာဏအဖြစ် မေ ၂၉ ရက်က ၃၆ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ ရှန်ဟိုင်းမိုးလေဝသဗျူရို၏ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတောင်ဘက်ပိုင်းရှိ ပြည်နယ်များတွင်လည်း လာမည့်ရက်ပိုင်းအတွင်း အပူချိန်မြင့်တက်လာဖွယ်ရှိနေပြီး တရုတ်နိုင်ငံတွင် ယခုနှစ်နွေကာလ၌ ယခင်နှစ်များကထက် အပူချိန်မြင့်တက်လာဖွယ် ရှိနေကြောင်း သိရသည်။

ရှန်ဟိုင်းမြို့တွင် အပူချိန်အမြင့်မားဆုံးသော မေလအဖြစ် ၁၈၇၆ ခုနှစ်က တစ်ကြိမ်၊ ၁၉၀၃ ခုနှစ်က တစ်ကြိမ်၊ ၁၉၁၅ ခုနှစ်က တစ်ကြိမ် အပူချိန် စံချိန်တင်မြင့်တက်ခဲ့ပြီး ယခုနှစ်မေလတွင် ယခင်စံချိန်တင်ခဲ့သော နှစ်များကထက် အပူချိန်ပိုမိုမြင့်မားခဲ့ကြောင်း၊ မေလအစောပိုင်းတွင် စီချွမ်းပြည်နယ်ရှိ ဒေသအများစု၌ အပူချိန်မှာ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ခဲ့ရကာ အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ခဲ့ရသော လူဦးရေသန်း ၈၀ ထိ ရှိခဲ့ကြောင်း သိရသည်။

တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနကလည်း မေ ၃၁ ရက်နောက်ပိုင်းတွင် တရုတ်နိုင်ငံတောင်ဘက်ပိုင်းပြည်နယ်များ၌ အပူချိန်ပမာဏမှာ ၃၅ ဒီဂရီစင်တီဂရိတ်မှ ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ တရုတ်နိုင်ငံတောင်ဘက်ပိုင်းပြည်နယ်များတွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်လာနိုင်ပြီး အချို့ပြည်နယ်များတွင် မိုးရွာသွန်းမှုဖြစ်ပေါ်လာနိုင်ကြောင်း တရုတ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ငွေ့လအတွင်း ကုန်သေတ္တာတင်သင်္ဘောကြီး ၅၇ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေးဆောင်ရွက်နေ



**ရန်ကုန် မေ ၃၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ယခုနှစ်ငွေ့နှစ်လ အတွင်း အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၅ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီး ၅၇ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့်ကုန်သွယ်မှု လုပ်ငန်းများကိုပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ပိုမိုဆောင်ရွက်နေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်သင်္ဘောကြီးများ လစဉ်ပုံမှန် ဝင်ရောက်ဆိုက်ကပ်လျက်ရှိကြောင်း၊ ထို့ပြင် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်းများမှ ခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ငွေ့လအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင် သင်္ဘောလိုင်းများဖြစ်သည့် SEALAND MAERSKASIA သင်္ဘောလိုင်းမှ ၁၀ စီး၊ SAM-UDERA သင်္ဘောလိုင်းမှ ရှစ်စီး၊ R.C.L LINE သင်္ဘောလိုင်းမှ ခြောက်စီး၊ M.S.C LINE သင်္ဘောလိုင်းမှ ငါးစီး၊ NEW GOLDEN SEA (COSCO) သင်္ဘောလိုင်းမှ လေးစီး၊ SITC LINE သင်္ဘောလိုင်းမှ လေးစီး၊ T2 CONTAINER LINE သင်္ဘောလိုင်းမှ လေးစီး၊ IAL LINE သင်္ဘောလိုင်းမှ သုံးစီး၊ ONE LINE သင်္ဘောလိုင်းမှ သုံးစီး၊ BLPL LINE သင်္ဘောလိုင်းမှ နှစ်စီး၊ EVER GREEN LINE သင်္ဘောလိုင်းမှ နှစ်စီး၊ LAND AND SEA သင်္ဘောလိုင်းမှ နှစ်စီး၊ P.I.L သင်္ဘောလိုင်းမှ နှစ်စီး၊ BAY LINE သင်္ဘောလိုင်းမှ တစ်စီးနှင့် CMA-CGM သင်္ဘောလိုင်းမှ တစ်စီး ဝင်ရောက်ဆိုက်ကပ်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောကြီးများ လစဉ်ပုံမှန် ဆိုက်ကပ်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

(၃၃၆)

# အုတ်ဖိုမြို့နယ် ချောင်းဝှဂျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မေ ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဝှဂျီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေ ၄၅ ဒသမ ၆၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ချောင်းဝှဂျီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၄ ဦးကို ဒသမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးမြေပဲဧက ၇၂၁၀ စတင်စိုက်ပျိုးလျက်ရှိ

**ကျွန်းလှ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးမြေပဲ ဧက ၇၂၁၀ စတင်စိုက်ပျိုးလျက်ရှိကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မိုးမြေပဲဧက ၇၂၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလစတုတ္ထပတ်မှစတင် စိုက်ပျိုးနေကြကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးမြေပဲတွေ စတင်စိုက်ပျိုးနေကြပါပြီ။ ဒီနှစ်ကျွန်းလှမြို့နယ်မှာ မိုးမြေပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးမြေပဲကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးမြေပဲစိုက်ပျိုးမှုက တော့ တစ်နှစ်ထက်တစ်နှစ် စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်သလို အထွက်နှုန်း ကောင်းမွန်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးမြေပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး စသည့်စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၂ ဧက၊ ဆီထွက်သီးနှံဧက ၇၂၇၀၊ ကြံ ၇၄ ဧက၊ ဝါခြောက်ဧက၊ အခြားသီးနှံဧက ၁၆၉၀၀၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



ကျွန်းလှမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ငွေ့လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးမြေပဲဧက ၇၂၇၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆောင်းမြေပဲ ၁၄၂၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် ပန်ကျိုင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**လင်းခေး မေ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန်၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပန်ကျိုင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ လင်းခေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၂ ရက်မှ ယနေ့ထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **အေးသူ**



# မြန်အောင်မြို့နယ် ပန်းထိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ပန်းထိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ပန်းထိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ဇာတ်ကြမ်းမင်းသားများ

သတင်းသမားတစ်ဦး

**နောင်ဂျိန်**

စာရေးသူတို့ ငယ်ငယ်ကတော့ ရုပ်ရှင်ဆို ဇာတ်ကြမ်းမှကြိုက်တယ်လေ။ ထိုးခန်း၊ ကြိတ်ခန်း၊ နောင်ဂျိန်များများပါတာပိုကြိုက်တယ်။ အချစ်တွေ၊ အလွမ်းတွေ၊ ဘဝသရုပ်ဖော်တွေ မကြိုက်တတ်ပါ။ ပစ်ဟယ်ခတ်ဟယ်၊ သတ်ဟယ် ဖြတ်ဟယ်ဆိုရင် လက်ခုပ်လက်ဝါးတီးပြီး အားပေးမိလိုက်သေး။ ကြည့်နေကြတဲ့ ပရိသတ်လည်း အားတွေတက်ပြီး လက်ခုပ်တီးကြ လက်ခေါက်မှုတ်ကြ ရှီး. . . ရှီး. . . ဇာတ်လိုက်မင်းသားက ထိုးကြိတ်တာ နိုင်လိုက်ရင် သဘောတွေကျ။ အဲဒါ အရသာ။

ငယ်ငယ်ကကြည့်ခဲ့ရတဲ့ ဇာတ်ကြမ်းကားတွေထဲမှာ အများဆုံးကြည့်ဖြစ်ခဲ့တာတော့ ရွှေဘ၊ တင်ညွန့်၊ ကျော်ဆွေတို့ပါပဲ။ ရွှေဘပါတဲ့ကားတွေက ထွက်ခဲ့တာလည်း အရေအတွက် တော်တော်များတယ်။ မြို့ပေါ် ရုပ်ရှင်ရုံတွေသာမကဘူး။ အနယ်နယ်ရှိ ကျေးလက်ဘုရားပွဲ၊ အလှူပွဲတွေထိ ရိုးပြတ်လယ်ကွင်းထဲ ပိတ်ကားထောင်ပြီး အငှားလိုက်ပြသကြရင်လည်း ကျေးလက်တောရွာက သုံးကား မိုးအလင်းကြည့်ချင်ကြတာ ကိုရွှေဘဇာတ်ကားပဲ။ ရွှေဘဟာ အဲဒီကာလက တစ်နှစ်ဆို ဇာတ်ကား ၇၀-၈၀ ပါဝင်ရိုက်ကူးခဲ့ရတာပါ။ တောပရိသတ်က အသည်းစွဲမင်းသားပေ့ါ။

**ဆိုင်းတန်းရုံမှာ**

တောကပဲကြိုက်တာဆိုပြီး မြို့ကမကြိုက်ဘူးမထင်ပါနဲ့ဗျာ။ မန္တလေးမြို့ ဆိုင်းတန်းရုပ်ရှင်ရုံဆိုတာ ရွှေဘကားတွေချည်း အဆက်မပြတ်ပြသတဲ့ ရုပ်ရှင်ရုံကြီးပါ။ ပရိသတ်အမြဲပြည့်မြဲပါပဲ။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝ၊ ဝင်းလိုက်တို့ ဘာတို့ နိုင်ငံခြားကားကောင်းတွေတင်တဲ့အချိန် ရုံပြည့်ရုံလျှံလက်မှတ်ဝယ်လို့မရရင် ဆိုင်းတန်းရုပ်ရှင်ရုံကိုပဲ သွားကြည့်လိုက်ကြတယ်။ ရွှေဘကို ကျွန်တော်တို့က ကြိုက်ကြတာပဲလေ။

တစ်ခါတော့ ရုပ်ရှင်ကြည့်နေရင်း ဇာတ်လမ်းဆွဲဆောင်ရာမျောပါပြီး ကျွန်တော်တို့က စိတ်ပါလက်ပါရှိလွန်းလို့ ထပြီးအော်လိုက်မိတယ်။ တက္ကသိုလ်ကျောင်းသားတစ်ဦးက-

**“ရွှေဘကွ ရွှေဘ ချပေးဟေ့”**

နောက်တန်းကကြည့်နေတဲ့ ပရိသတ်နှစ်ယောက်၊ သုံးယောက်က သူ့ကိုလာပြောတယ်-

**“ဟေ့လူ ရွှေဘ ရွှေဘ မခေါ်ပါနဲ့ဗျ။ ကိုရွှေဘလို့ခေါ်ပါ”** တဲ့။ (အေးလေ သူ့အဖေလောက်ရှိတာကိုတဲ့)

ဟာ. . . ဟုတ်သားပဲ။ တစ်ရုံလုံးရှိ ပရိသတ်အကုန်လုံးက **“ကိုရွှေဘ၊ ကိုရွှေဘ”**နဲ့ လေးလေးစားစား၊ ချစ်ချစ်ခင်ခင်ခေါ်ဝေါ် အားပေးနေကြပေတာကိုးခင်ဗျ။ တက္ကသိုလ်ကျောင်းသား ကျွန်တော့်သူငယ်ချင်းဟာ တောင်းပန်ပြီး **“ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကိုရွှေဘခေါ်ပါ့မယ်ခင်ဗျာ”**ဆိုမှ နောက်ကပရိသတ်က သဘောကျသွားကြပါလေရော။

ဆိုင်းတန်းရုံမှာ ရွှေဘဇာတ်ကားသစ်တင်ရင် အိမ်ကဒန်အိုးဒန်ခွက်လေးပါမကျန် ပေါင်နှံပြီး အားပေးကြည့်ရှုကြတဲ့ ဆင်းရဲသား၊ လက်လုပ်လက်စားတွေ၊ ဈေးသည်တွေ၊ အလုပ်ကြမ်းသမားတွေ ရွှေဘပရိသတ်က ပစ္စည်းမဲ့လူတန်းစားအလွှာများများ။ သိကြတဲ့အတိုင်းပဲ။

ကျေးလက်တောနေ တောင်သူလယ်သမားတွေပဲ ရွှေဘကိုအားပေးခဲ့ကြတာမဟုတ်။ မြို့နေပျံကျအလုပ်သမားတွေ၊ စက်ရုံအလုပ်ရုံက အောက်ခြေအလုပ်သမားအများစု အသည်းစွဲ။

မန္တလေးဆိုင်းတန်းရုံမှာ ကိုယ်တွေ့ကြုံခဲ့ဖူးတာလေး။

**ကျေးလက်**

သူငယ်ချင်းတွေ ပြောပြတာရှိသေးတယ်။ ရိုးပြတ်လယ်ကွင်းတွေထဲမှာ ပိတ်ကားထောင်ပြီး ရွှေဘပါတဲ့ကားပြနေစဉ်မှာ လူဆိုးတွေက ရွှေဘကို ဝိုင်းတီးနေကြတာ ရွှေဘခမျာ အများနဲ့တစ်ယောက်ချရတော့ အလူးအလဲ အကွဲအပြဲခံနေရတာပေ့ါ။ ပရိသတ်ကမကျေနပ်ဘူး။ ကလော်ဆဲတဲ့လူကဆဲနေပြီ။ ပရိသတ်ထဲက တစ်ယောက်၊ နှစ်ယောက်ကလည်း ရွှေဘဘက်ကပါပြီး လူကြမ်းအုပ်စုပုံပေါ်လာရင် ရွှံ့တုံးခဲနဲ့ပေါက်နေပြီ။ တစ်ယောက်ကစပြီးပစ်တာ ပရိသတ် လေး၊ ငါးယောက်ပါထပြီးခဲနဲ့ပေါက်နေတော့ ရုပ်ရှင်ပြစက်ဆရာက ရပ်လိုက်ပြီး-

**“သည်းခံကြပါခင်ဗျာ။ ကိုရွှေဘ ခံနေရတာတွေ ပြီးတော့မှာပါ။ နောက်ပိုင်းကျရင် ကိုရွှေဘက အားလုံးကိုနိုင်မှာပါခင်ဗျာ။ ပိတ်ကားပြဲမှာစိုးလို့ ခဲနဲ့မပေါက်ကြပါရန် အနူးအညွတ်တောင်းပန်ပါတယ်ခင်ဗျာ”**

> ❖ ကျော်ဆွေ၊ ရွှေဘ၊ ဇော်ခင်၊ ညွန့်ဝင်း စတဲ့ဇာတ်ကြမ်းဇာတ်လမ်းတွေမှာ သရုပ်ဆောင်ကောင်းကြတဲ့ မင်းသားတွေဟာ အထိုးအကြိတ် အသတ်အပုတ်၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ သိုင်း လေ့ကျင့်ထားရတဲ့ အပြင် ဓားခုတ်လှံထိုးဆိုတာမျိုးတွေလည်း လိုအပ်ရင် သင်ယူလေ့ကျင့်ရပါတယ်။ ကျွမ်းကျင်မှုက အစွမ်းပြနိုင်။ မို့မို့မြင့်အောင်(အကယ်ဒမီဆုများရှင်)ရဲ့ဖခင် မင်းသားချော မြင့်အောင်ဟာ “ညောင်ရမ်းညီနောင်” ဇာတ်ကားကို ပါဝင်ရိုက်ကူးဖို့ ကိုယ်တိုင်ကြွက်သားတွေခံ့ညားလာအောင် အချိန်ယူလေ့ကျင့်ခဲ့တယ်။ ဒါကြောင့်လည်း ဒီဇာတ်ကြမ်းကားမှာ မြင်းစီး၊ ဓားခုတ်၊ လှံထိုးဇာတ်ကွက်တွေကို ပရိသတ်ကြိုက်ကြတယ်။ ❖

ပရိသတ်က အဲဒီတော့မှ **“ဒါဆိုဆက်ပြ”** သဘောကျသွားပါသတဲ့။ ရုပ်ရှင်က အာရုံကိုဆွဲဆောင်တယ်။ သဏ္ဌာန်လုပ်တာက သရုပ်တူလေတော့ ပရိသတ်မှာ ရုပ်ရှင်ဇာတ်လမ်းဇာတ်ကွက်ဆွဲဆောင်ရာအတိုင်း စိတ်အာရုံနစ်မျောစီးဝင်ကာ စိတ်ထဲ အဟုတ်တကယ် ထင်မှတ်တော့တာပဲလေ။

**တော်သေးတာပေါ့**

ဇာတ်ကားတစ်ကားရှိခဲ့ဖူးသေးသဗျ။

ရွှေဘက တောသား။ တောသူမင်းသမီးနဲ့ ချစ်နေကြတယ်ပေါ့။ သူကြီးသားလူကြမ်းက ဆင်းရဲသား ရွှေဘကို မျက်မုန်းကျိုးနေတာ။ သူမုန်းတဲ့ ကွမ်းတောင်ကိုင်အပျိုချောလေးက ကိုရွှေဘလို သူရင်ငှားနဲ့ ကြိုက်ရပါမလား။ သူ့ရဲ့အပေါင်းအသင်းလူမိုက် လေး၊ ငါးယောက်ကို အရက်တိုက်ပြီး ရွှေဘအလုပ်လုပ်နေသခိုက် ချောင်းရိုက်ဖို့လွှတ်လိုက်တယ်။

ရွှေဘက ထင်းခွဲနေတယ်။ သူက လူရိုးလူအေး။

လူကြမ်းတစ်ယောက် သူနောက်က ခြေဖွဖွလေး နင်းပြီး တုတ်နဲ့ရိုက်ဖို့ ချဉ်းကပ်လာတယ်။

ဒီအချိန်မှာ ရွှေဘက ဆောင့်ကြောင့်ထိုင်ထင်းခွဲနေဆဲ။ သူက မသိသေး။ ပရိသတ်ထဲကတစ်ယောက် ထအော်တယ်-

**“ဟေ့ ကိုရွှေဘ ခင်ဗျားနောက်မှာ၊ နောက်မှာ၊ ရိုက်မယ့်ကောင်”**

မင်းသားရွှေဘက နောက်မှရိုက်ရန်ချိန်ယ်ပြီး ကပ်လာတဲ့လူကြမ်းကို ရုတ်တရက်ထရှောင်လိုက်ကာ လက်သီးနဲ့ ထိုးချလိုက်ရာ။ လူကြမ်းလက်ထဲကတုတ် လွှတ်ကျသွား။ ရွှေဘနဲ့လူကြမ်း အပြန်အလှန်ထိုးကြ။ လူကြမ်းရှုံးပြီး ပက်လက်လန်လဲကျ။

**“တော်သေးတာပေါ့ကွာ။ ငါသတိပေးလိုက်လို့”**

အဲသလိုပါဆို။

ရုပ်ရှင်ဇာတ်ကားထဲက ကိုရွှေဘဟာ သူ့အော်ပြီး သတိပေးလိုက်ပေလို့ပဲ အရိုက်မခံရဘဲ ရှောင်နိုင်သွားတယ်ထင်။

ကျေနပ်စွာပြောလိုက်တဲ့ တောသားတစ်ယောက်။ ဒါလည်း တကယ့်ဖြစ်ရပ်မှန်။ တကယ်ရိုးရိုးသားသား။

**နိုင်ငံခြားကား**

ငယ်ငယ်က အထိုးအကြိတ် အပစ်အခတ်ဇာတ်ကြမ်းတွေ ကြိုက်ခဲ့တာဟာ လူငယ်ဘဝ၊ လူလတ်ဘဝ မပြောင်းလဲခဲ့ပါ။ အိန္ဒိယကားထဲက နောင်ဂျိန်ဇာတ်ကား အိန္ဒိယမင်းသားတွေကို ကြိုက်နေမိတယ်။ စာဖတ်သူတွေ သိကြပါတယ်။ ရာမင်ဒရာ၊ အယ်မီတာဘချမ်း၊ ရှရွတ်ခန်း။ ဟောလိဝုဒ် အမေရိကန်ရုပ်ရှင်ကားတွေလည်း ဇာတ်ကြမ်းဆို အားပေးတာပဲ။ ချတ်နောရစ်၊ စတီဗင်ဆီဂယ်လ်၊ ဆီလ်ဗက်စတာ စတားလုန်း၊ ကလော့ဗန်ဒမ်း၊ ဟယ်ရစ်ဆင်ဖို့ဒ်၊ လီယန်နီးလ်၊ တွမ်ခရုဇ်။ ဟောင်ကောင်တရုတ်ကား အတိုက်အခိုက်မင်းသားတွေ သဘောကျတယ်လေ။ ကြည့်ဖူးကြပေမယ်။ ဘရုစ်လီ၊ ဂျက်လီ၊ ဂျက်ကီချန်း၊ အန်ဒီလော။

ကိုရီးယားမင်းသားတွေထဲမှာ မိမိအကြိုက်ဆုံးမင်းသားကတော့ အမေရိကန် ဟောလိဝုဒ်ကမ္ဘာတွေကပါ ငှားပြီးရိုက်နေကြတဲ့ လီဗျောင်ဟွန်း (Lee Byung-hum)။ သူ့ရဲ့ သရုပ်ဆောင်ခက ဈေးအမြင့်ဆုံးပဲ။ စုံထောက်ကား၊ ရာဇဝင်ကား၊ ဘဝသရုပ်ဖော် ဇာတ်ကြမ်းကား၊ စစ်ကား။ ဘယ်နေရာက သရုပ်ဆောင်ရ၊ သရုပ်ဆောင်ရ၊ အပင်ပန်းခံပြီး တကယ်ကြိုးကြိုးစားစားလုပ်ဆောင်တတ်တယ်။ လီဗျောင်ဟွန်းပါတဲ့ ကိုရီးယားဇာတ်ကားတစ်ခုခုရှာပြီးတော့ ကြည့်လိုက်ပါ။ သူ့ရဲ့ထူးခြားမှုကိုတွေ့ရမယ်။ တကယ်တော့ ဇာတ်ကြမ်းပဲဖြစ်ဖြစ်၊ ဇာတ်နှုပဲဖြစ်ဖြစ် ပရိသတ်အာရုံကိုငြိအောင် ထိထိမိမိဆွဲဆောင်နိုင်တဲ့ဇာတ်လမ်းဇာတ်ကွက်မျိုးမှာ သရုပ်ဆောင်သူကိုယ်တိုင် (ချာန်ဝင်တယ်လို့ပြောရင် ဆီလျော်ချင်မှဆီလျော်မယ်) ယာယီစိတ်နေ မုဒ် (Mood) စိတ်အာရုံနစ်ဝင်ပြီး သရုပ်ဆောင်တာမျိုးဆိုရင် ပရိသတ်က စွဲတာပါပဲ။ နိုင်ငံရေးဝါဒဖြန့်တာသက်သက်လို့ ပြောရခက်ပေမယ့် ပါးပါးလေးနဲ့ နက်နက်နဲနဲ စဉ်းစားချင့်ချိန်တတ်သူချင်းသာ နားလည်စေနိုင်တဲ့ ပညာပေးစည်းရုံးရေးဇာတ်ကားမျိုးတွေလည်း ရှိခဲ့ဖူးတာ သတိထားမိတယ်။ ဥပမာဆိုပါစို့။

**ပြည်သူသို့**

အေဝမ်းရုပ်ရှင်က ထုတ်လုပ်ခဲ့တယ်ထင်တာပဲ။ **“ပိတောက်တွေပွင့်ပြန်ပေါ့”**။ မောင်ဗမာဘကွန်းနဲ့ ဝေဇင်၊ နော်လွိုဇာဘင်ဆင်တို့ သရုပ်ဆောင်တယ်။ ဒါရိုက်တာမင်းသားမြင့်အောင် ရိုက်ကူးတယ်ထင်တာပဲ။ နောက်တစ်ကား။ အမှတ်တရရှိလှပါတယ်။

**“နတ်ရေးတဲ့ဖူးစာ”** မင်းသားချော မြင့်အောင်နှစ်ကိုယ်ခွဲ၊ မင်းသမီး ခင်ယုမေနဲ့ သင်းသင်းလှဲ။

ရုပ်ရှင်ကြည့်ပရိသတ်ကို ဖျော်ဖြေမှု၊ တင်ဆက်မှုကောင်းမွန်အောင်လည်း ကြိုးစားထားကြောင်း တွေ့ရပါတယ်။ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုဟူသမျှဟာ နိုင်ငံနဲ့လူမျိုးအတွက် မငြိမ်းချမ်း၊ မတည်ငြိမ်စေလို့ ဆိုးကျိုးသက်သက်ကိုသာ ကျရောက်စေတယ်။ မှားမှန်းသိလို့ နောင်တရရင် အမြန်ပြင်ပါ။ အမှားကနေ အမှန်တရားဘက်ကို ပြောင်းလဲဖို့ရာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီး ပေးလာသမျှအခြေအနေကို ခံယူရင်ဆိုင်ပါ။ သေမထူး နေမထူးဆိုပြီး ခြေဦးတည့်ရာဆက်မိုက်နေဦးမယ်ဆိုရင် ရလဒ်အဖြေ ပိုဆိုးရွားလိမ့်မယ်ဆိုတာမျိုးကို အနုပညာဖန်တီးမှုတွေမွမ်းမံပြီး ပြည်သူကို ရုပ်ရှင်နဲ့ပညာပေးခဲ့တဲ့ ဇာတ်ကားမျိုးတွေပဲ။ ရှေးကတည်းက။

**အစွမ်းပြရ**

ကျော်ဆွေ၊ ရွှေဘ၊ ဇော်ခင်၊ ညွန့်ဝင်း စတဲ့ဇာတ်ကြမ်းဇာတ်လမ်းတွေမှာ သရုပ်ဆောင်ကောင်းကြတဲ့ မင်းသားတွေဟာ အထိုးအကြိတ် အသတ်အပုတ်၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ သိုင်း လေ့ကျင့်ထားရတဲ့ အပြင် ဓားခုတ်လှံထိုးဆိုတာမျိုးတွေလည်း လိုအပ်ရင် သင်ယူလေ့ကျင့်ရပါတယ်။ ကျွမ်းကျင်မှုက အစွမ်းပြနိုင်။

မို့မို့မြင့်အောင် (အကယ်ဒမီဆုများရှင်)ရဲ့ ဖခင် မင်းသားချော မြင့်အောင်ဟာ **“ညောင်ရမ်းညီနောင်”** ဇာတ်ကားကို ပါဝင်ရိုက်ကူးဖို့ ကိုယ်တိုင်ကြွက်သားတွေ ခံ့ညားလာအောင် အချိန်ယူလေ့ကျင့်ခဲ့တယ်။ ဒါကြောင့်လည်း ဒီဇာတ်ကြမ်းကားမှာ မြင်းစီး၊ ဓားခုတ်၊ လှံထိုးဇာတ်ကွက်တွေကို ပရိသတ်ကြိုက်ကြတယ်။ လူကြမ်းစံတင်ဟာ လှံမင်းသားစံတင်ဆိုပြီး နာမည်ရသွားခဲ့တယ်။ အဲဒီ ညောင်ရမ်းညီနောင်ဇာတ်ကားမှ အောင်မြင်တဲ့ ဟိတ်ပါပဲ။

ရွှေဘဇာတ်ကားတွေ ပရိသတ်က အမြဲအမာခံ အားပေးကြည့်ရှုကြတယ်ဆိုတာ ဇာတ်လမ်း၊ ဇာတ်ညွှန်းက ကောင်းလှခြင်းလည်း အကြောင်းတစ်ချက်ပါပါတယ်။

**ဒါလားကွအချစ်၊ တရားတစ်ဖက် ဓားတစ်ဖက်၊ မောင်းထောင်ရွှေဘ၊ ပွဲကြီးပွဲကောင်း** စသဖြင့် ဇာတ်ကားတိုင်းမှာ ရွှေဘက လူရိုးလူကောင်းဘက်က ရပ်တည်တာမျိုးသာများတယ်။ ရွှေဘဇာတ်ကား တော်တော်များများဟာ ဆရာကြီး ဦးဉာဏ ဇာတ်ညွှန်းရေးလေ့ရှိခဲ့ပါတယ်။ သရုပ်ဆောင်လုပ်ကွက်ရဖို့ သရုပ်ဆောင်ကို ပရိသတ်က ချစ်ခင်လေးစားဖို့ ဇာတ်ကွက်ဖော်ပေးရတဲ့ ဇာတ်ညွှန်းဟာ အဓိကအရေးကြီးပါတယ်။

**ဓာတ်ပို့ကောင်း**

ကျော်ဆွေတို့၊ ရွှေဘတို့ ကောင်းတယ်ဆိုတာဟာ လူကြမ်း သိန်းဟန်ကြီး၊ ကျော်ဇောကြီး၊ ညိုအေးကြီး၊ အံ့ကျော်၊ စံတင်၊ ဌေးဝင်း၊ ချီးပူး၊ ရွှေညာ စတဲ့အားပြိုင်ဘက် လူဆိုးလူကြမ်းတွေက ပရိသတ်ရွံမုန်းကြောက်ရွံ့လန့်လောက်အောင် ကောင်းရပါတယ်။ သူတို့က ဆန့်ကျင်ဘက်ပွတ်တိုက်မှုကောင်းလေလေ မင်းသားကို ပရိသတ်နဲ့နီးကပ်အောင် တွန်းပို့ပေးနိုင်လေလေ ဖြစ်တာပေ့ါ။ လူကြမ်းဘက်ကို အားမကျပါနဲ့။

အမှန်နဲ့အမှား၊ တရားနဲ့ မတရားမှု၊ မျှတမှုနဲ့ မမျှတမှု၊ မေတ္တာနဲ့ ရိုင်းစိုင်းမှု၊ စာနာမှုနဲ့ ရက်စက်မှု၊ အကောင်းနဲ့ အဆိုး ဆိုတဲ့ သဘာဝဆန့်ကျင်ဘက် သဘောတရားတွေက အမြဲတစေလွန်ဆွဲအားပြိုင်နေကြတာလေ။ ကြမ်းချင်ကြမ်း၊ နုချင်နု၊ တရားမျှတခြင်း၊ မှန်ကန်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းဘက်ကသာ ပါဝင်တဲ့သူဖြစ်ပါစေ။







## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀/၁)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ (၃. ၉၂၅)ဧက နှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁. ၆၀၈)ဧက စုစုပေါင်း မြေချိန်ဧရိယာ (၅. ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ ဦးဝမ်စီးကျွမ်း (ဘ) ဦးလောအေ (၁၃/နခန(နိုင်)၀၅၅၅၈၆)ပိုင်ဆိုင်သော တိုက်အမှတ်(၁၀)၊ (၁)လွှာ၊ အခန်းအမှတ်(၁)၊ အကျယ်အဝန်း (၉၂၅)စတုရန်းပေရှိတိုက်ခန်းအား ကျွန်မ ဒေါ်ဇူလိုင်အေး (ဘ) ဦးတိတ်ဝမ် (၁၂/မဘန(နိုင်)၁၁၄၉၂၃)နှင့် ကျွန်တော် ဦးမောင်ရွှေ (ဘ) ဦးစိန်မောင် (ခ) လင်တာစုမ်း (၉/ခအဇ(နိုင်)၀၀၀၆၆၇)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇူလိုင်အေး(ဘ)ဦးတိတ်ဝမ် (၁၂/မဘန(နိုင်)၁၁၄၉၂၃)**
**၀၉-၅၀၆၆၆၅၆**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ကျောက်ချောကျေးရွာ၊ အ. မ. က(မူလွန်)(ကျောက်ချော)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-3 (အောင်)မှ မသိမ့်တင်ဇာခိုင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးခိုင်လင်းဦး (၉/ငဇန(နိုင်)၀၉၂၉၅၀)ဖြစ်ပါကြောင်း။

**ဦးခိုင်လင်းဦး (၉/ငဇန(နိုင်)၀၉၂၉၅၀)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ကျောက်ချောကျေးရွာ၊ အ. မ. က(မူလွန်)(ကျောက်ချော)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-5 (အောင်)မှ (အဘ) ဦးထွန်းထွန်း (၉/ပသက(နိုင်)၀၉၇၉၉၅)၏သမီး မအိဖူးသွယ် အား မလှိုင်းနဒီထွန်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မလှိုင်းနဒီထွန်း**

## ပထမနှစ်သင်တန်းသားခေါ်ယူခြင်း

သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)တွင်ဖွင့်လှစ်မည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်(၂)နှစ် သင်တန်းအတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) စနစ်ဟောင်း အဌမတန်းနှင့် စနစ်သစ် Grade-10 အောင်မြင်ပြီးသူများ

(ခ) အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်း

ဆက်သွယ်ရန်လိပ်စာ- ၈၃လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

အသေးစိတ်သိရှိလိုပါက- ၀၂-၄၀၃၉၁၄၈၊ ၀၉-၄၄၈၅၃၃၈၆၃

## အများသိစေရန် ကြေညာခြင်း

ရဲမင်းထွန်း ကုမ္ပဏီလီမိတက်ကို အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ၀၁၀၈/၂၀၁၂ ဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ရုံးချုပ်လိပ်စာပြောင်းလဲခြင်း၊ အစုရှယ်ယာများလွှဲပြောင်းခြင်း၊ မန်နေဂျင်းဒါရိုက်တာပြောင်းလဲခြင်း၊ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

| ယခင် | ယခု |
|---|---|
| ၁။ ဦးဝင်းထွန်း၊ မန်နေဂျင်းဒါရိုက်တာ | ၁။ ဒေါ်နှင်းဇာနည်အောင်၊ မန်နေဂျင်းဒါရိုက်တာ |
| ၂။ ဒေါ်နှင်းဇာနည်အောင်၊ဒါရိုက်တာ | ၂။ ဦးယဉ်မောင်ဆွေ၊ ဒါရိုက်တာ |
| ၃။ ဦးယဉ်မောင်ဆွေ၊ ဒါရိုက်တာ | ၃။ ဦးဝင်းထွန်း၊ ဒါရိုက်တာ |

**ရဲမင်းထွန်းကုမ္ပဏီလီမိတက်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် **ကိုကျော်ကျော် (၉/ပကခ(နိုင်)၀၁၄၂၉၅)** နှင့် **မခင်ဇာနည်ရဲထွန်း (၉/ပကခ(နိုင်)၀၂၀၃၀၅)**တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် ၃၁-၅-၂၀၂၃ ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ကိုကျော်ကျော်(၉/ပကခ(နိုင်)၀၁၄၂၉၅)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်နေ ကျွန်မ ဒေါ်အေးမ (၉/ခမစ(နိုင်)၀၀၄၄၅၆)၏သမီးဖြစ်သူ **မတင်တင်ထွေး (၉/ခမစ(နိုင်)၀၃၄၆၈၄)**သည် မိခင်နှင့်ဆွေမျိုးသားချင်း မောင်နှမများအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်အေးမ(၉/ခမစ(နိုင်)၀၀၄၄၅၆)**

ကြိုတင်ကာကွယ်
မီးအန္တရာယ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန် လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

---

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ရောဝတီယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် မေ ၃၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်များတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က YUSC အားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ပွဲစဉ်တွင် ပွဲစကတည်းက ရောဝတီယူနိုက်တက်အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် ရာဇာအောင်၊ ပွဲချိန် ၄၄ မိနစ်တွင် ညီညီအောင်၊ ပွဲချိန် ၅၂ မိနစ်တွင် သီဟ၊ပွဲချိန် ၈၉ မိနစ်တွင် ဝင်းဌေးတို့က အသီးသီး သွင်းယူပေးနိုင်ခဲ့ပြီး GFA အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ဇော်လင်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၄ ❖

---

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ဒေါ်လီလီနိုင်ကျော်အား PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

စာမျက်နှာ - ၂၄

---

## ထူးခြားသည့် နေ့အပူချိန်များ

၃၁-၅-၂၀၂၃

| | |
|---|---|
| မြင်းမူမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မြစ်ကြီးနားမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ခန္တီးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ကလေးဝမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| တမူးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

---

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257